


အတွဲ (၄) အမှတ် (၄) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ(၁) ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီး အစည်းအဝေးသို့တက်ရောက်စဉ် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်



“ခရီးသွားလုပ်ငန်းသည် မိမိတို့ပြည်သူများအကြား အပြန်အလှန်နားလည်မှုကိုမြှင့်တင်ရာတွင်လည်းကောင်း၊ ဆက်ဆံရေးပေါင်းကူးတံတားများတည်ဆောက်ရာတွင်လည်းကောင်း အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းကိုမြှင့်တင်ခြင်းဖြင့်မိမိတို့ဒေသ၏ကြွယ်ဝသည့်ယဉ်ကျေးမှု အမွေအနှစ်များကိုအသုံးချနိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် ဒေသခံလူထုအတွက်စီးပွားရေးအခွင့်အလမ်းသစ်များဖန်တီးနိုင်မည်ဖြစ်ကြောင်း”

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အာဆီယံ-တရုတ်ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဖိုရမ်ဖွင့်ပွဲနှင့် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းများတစ်ပြေးညီဖြစ်စေရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားများသို့တက်ရောက်၍အဖွင့်အမှာစကားအမှာစကား ပြောကြားခြင်းမှ ကောက်နုတ်ချက်




“ ယခုဖိုရမ်မှတစ်ဆင့် အတွေးအမြင်များ၊ ဗဟုသုတများနှင့် ဆန်းသစ်သော ဖြေရှင်းနည်းများကို ဖလှယ်ခြင်းဖြင့် လက်တွေ့ကျသော မဟာဗျူဟာများကို ချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ခရီးသွားများနှင့် ခရီးသွားလုပ်ငန်းကို အကာအကွယ်ပေးမည့် ထိရောက်သော ဖြေရှင်းနည်းများကို ဖော်ဆောင်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးပါကြောင်း၊ အာဆီယံ-တရုတ်နိုင်ငံများအကြားအပြန်အလှန်ပံ့ပိုးကူညီခြင်းဖြင့် ကမ္ဘာအနှံ့မှ ခရီးသွားများအတွက် ကောင်းမွန်သော အသိုက်အဝန်းတစ်ခုကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ”

# မာတိကာ


- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် လျောင်ဒဏ်ခံစား ခဲ့ရသည့် ဝန်ထမ်းများနှင့်မိသားစုဝင်များ ယာယီနေထိုင်လျက်ရှိ သည့် ဘာရှာအဆောက်အဦများသို့ သွားရောက် ကြည့်ရှုစစ်ဆေး — ၃
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် ဝန်ကြီးဌာန ရုံး အဆောက်အဦနှင့်ဝန်ထမ်းများရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေ အနေများအားကြည့်ရှုစစ်ဆေး — ၃-၄
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် နိုင်ငံတော်ဧည့် ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များအား ကြည့်ရှုစစ်ဆေး — ၄
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် ဟိုတယ်ဇုန် (၁) အတွင်းရှိ ဟိုတယ်များအား ကြည့်ရှုစစ်ဆေး — ၄-၅
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင်ဌာနတွင်းရုံးလုပ် ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား — ၅
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် လျောင်ဒဏ်ခံစား ခဲ့ရသည့် ဝန်ထမ်းများနှင့်မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် ခွဲဝေချထားပေးသည့် Container House များ၌ နေထိုင်မှု အခြေ အနေများအား ကြည့်ရှုစစ်ဆေး — ၆
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် နေပြည်တော် ဟိုတယ်ဇုန် (၁) အတွင်းရှိ ဟိုတယ်များအား လှည့်လည် ကြည့်ရှု စစ်ဆေး — ၆-၇
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် မြန်မာနိုင်ငံခရီး သွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းထုနှင့်တွေ့ဆုံ — ၇
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် ရန်ကုန်တိုင်းဒေသ ကြီးအတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များနှင့်ဖက်စပ် ဟိုတယ်များသို့သွားရောက်ကြည့်ရှုစစ်ဆေး — ၈
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် မန္တလာတက္ကသိုလ် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုဘာသာ ရပ်အထူးပြု ပထမနှစ်ကျောင်းသား/ကျောင်းသူများနှင့်တွေ့ဆုံ — ၈-၉
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် နိုင်ငံတော် ဧည့် ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များအား ကြည့်ရှုစစ်ဆေး — ၉-၁၀
- ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍အဂတိလိုက်စားမှု တိုက်ဖျက် ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနား ကျင်းပပြုလုပ် — ၁၀-၁၁
- ❖ လုပ်ငန်းယာယီရပ်ဆိုင်းထားသောနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ် များနှင့်ဖက်စပ်ဟိုတယ်များ၊ ပုဂ္ဂလိကဟိုတယ်များအား ခရီးသွား ရာသီအမီအမြန်ဆုံးပြန်လည်ဖွင့်လှစ်လုပ်ကိုင်နိုင်ရေးနှင့် စပ်လျဉ်း သော ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ် — ၁၁
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဘေးကင်း လုံခြုံရေးဖိုရမ်ဖွင့်ပွဲ နှင့် ခရီးသွားလာ မှုလွယ်ကူချောမွေ့စေရေးနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာစာရင်းအင်း များတစ်ပြေးညီဖြစ်စေရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား များသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြား — ၁၂-၁၃
- ❖ ပြည်ထောင်စုဝန်ကြီး Jeng Phang နေ်တောင် ရန်ကုန်မြို့ရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဟိုတယ်များနှင့် ဟိုတယ်နှင့်ခရီးသွား သင်တန်းကျောင်း တို့အားလှည့်လည်ကြည့်ရှုစစ်ဆေး — ၁၃
- ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ တွင် အရေးပေါ်အခြေအနေ တုန့်ပြန်ခြင်းဆိုင်ရာ သင်တန်းဖွင့် အမှာစကားပြောကြားခြင်း — ၁၄
- ❖ လုပ်ငန်းလိုင်စင်(၄)မျိုးခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာ များ ဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ — ၁၄-၁၅
- ❖ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင် အထည် ဖော်ဆောင်ရွက်နေမှုများ — ၁၅
- ❖ ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသောအစီအစဉ် များ — ၁၅-၁၆
- ❖ ကရင်ပြည်နယ် — ၁၆
- ❖ စစ်ကိုင်းတိုင်းဒေသကြီး — ၁၇
- ❖ မကွေးတိုင်းဒေသကြီး — ၁၇
- ❖ ပဲခူးတိုင်းဒေသကြီး — ၁၇
- ❖ တနင်္သာရီတိုင်းဒေသကြီး — ၁၈-၁၉
- ❖ ဧရာဝတီတိုင်းဒေသကြီး — ၁၉

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လျောင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များယာယီ နေထိုင်လျက်ရှိသည့် ဘာရှာအဆောက်အဦများသို့သွားရောက်ကြည့်ရှုစစ်ဆေး**



နေပြည်တော်၊ ဩဂုတ်လ ၁ ရက်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phangနော်တောင်သည် ယနေ့နံနက်ပိုင်းတွင်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊နီလာခန်းမ၌ဝန်ကြီးဌာနမှအဆင့်မြင့်အရာရှိကြီးများ၊ဌာနတာဝန်ခံများ၊အရာထမ်းများနှင့်တွေ့ဆုံပါသည်။

ရှေ့ဦးစွာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဝန်ကြီးဌာနဖွဲ့စည်းထားရှိမှုအခြေအနေများ၊ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီးနောက် ဌာနခွဲအ လိုက်တာဝန်ခံညွှန်ကြားရေးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန်နှင့်ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ်ပြည်ထောင်စုဝန်ကြီးကပြောကြားရာ၌ ဝန်ကြီးဌာနအနေဖြင့်အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှ ချမှတ်ထားသောဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ကြရာတွင် ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအားလုံး အရည်အချင်းပြည့်ဝစွာဖြင့် ဆင့်ကဲအုပ်ချုပ်စီမံခန့်ခွဲမှုစနစ်များကို ကောင်းမွန်စွာကျင့်သုံးနိုင်ရန် အရေးကြီးပါကြောင်း၊ ရာထူးအဆင့်လိုက်ဝန်ထမ်းငယ်များမှ အဆင့်မြင့်အထိ အရည်အချင်း၊ အရည်အသွေးနှင့် လုပ်ကိုင်နိုင်စွမ်းရှိစေရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့်ဝန်ကြီးဌာနနှင့်နိုင်ငံ့အကျိုး၊ပြည်သူလူထုအကျိုးတို့ကို ရှေ့ရှုပြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေး၊ ခရီးသွားလုပ်ငန်းဆောင်ရွက်သူနှင့်ခရီးသည်တို့၏ အခွင့်အရေးကို ကာကွယ်ပေးရေး၊ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၏အရည်အသွေးနှင့်လုံခြုံစိတ်ချရမှုကိုအာမခံနိုင်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်သွားရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူသားအရင်းအမြစ်များပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေပြီးနိုင်ငံတော်၏ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရေး၊ ခရီးသွား လုပ်ငန်းကိုအခြေပြု၍ ဒေသအလိုက်ဆက်စပ် စီးပွားရေးလုပ်ငန်းများအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသခံများ၏ စီးပွားရေးအခွင့်အလမ်းများတိုးတက်ဖွံ့ဖြိုးလာစေရန်နှင့်လူထုအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်စေရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနပြုလုပ်လေ့လာခြင်းနှင့်စာတမ်းများပြုလုပ်ခြင်းတို့ကို ပြည်တွင်းပြည်ပမှသက်ဆိုင်ရာ တက္ကသိုလ်များ၊ ခရီးသွားလုပ်ငန်းတွင်လက်တွေ့ပါဝင် ဆောင်ရွက်သူများနှင့်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းကို နိုင်ငံတော်အတွက်နိုင်ငံခြားငွေရှာဖွေပေးသည့် အရေးကြီးသောစီးပွားရေး ကဏ္ဍတစ်ခုဖြစ်စေရေးနှင့်ရေရှည် တည်တံ့ခိုင်မြဲပြီး အများပါဝင်မှုရှိသော တာဝန်သိခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာစေရေးအတွက် မျှော်မှန်းပြီး အားလုံးကတက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လျောင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် ဝန်ကြီးဌာနရုံးအနီးတွင်ဆောက်လုပ်ထားရှိသည့် ၂ ခန်းတွဲဘာရှာ အဆောက်အဦများ ၌ အပြီးသတ် နေရာချထားပေးခဲ့သည့် နေထိုင်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့်မိသားစုဝင်များ အနေဖြင့်သတ်မှတ်နေရာချထားပေးသည့် နေရာများတွင်လိုင်း စည်းကမ်းနှင့်စည်းစနစ်တကျနေထိုင်ကြရေး၊ လုံခြုံရေးအသိ သတိဖြင့် သန့်ရှင်းသပ်ရပ် စွာနေထိုင်ကြရေး၊ ဌာနတာဝန်ရှိသူများအနေဖြင့် အောက်ခြေဝန်ထမ်း မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရေးမှာကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဝန်ကြီးဌာနရုံးအဆောက်အဦနှင့် ဝန်ထမ်းများရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအားကြည့်ရှုစစ်ဆေး**



နေပြည်တော်၊ ဩဂုတ်လ ၄ ရက်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့ရှိ ဌာနခွဲများအလိုက် ဝန်ထမ်းများ၏ ရုံးတက်ရောက်နေမှုအခြေအနေများ၊ ရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရုံးအတွင်းအပြင်နှင့်ရုံးပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နိုင်ငံပိုင်ရုံးလုပ်ငန်း သုံးပစ္စည်းများစနစ်တကျသိမ်းဆည်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပါသည်။

ကြည့်ရှုစစ်ဆေးရာတွင်ဌာနခွဲများအလိုက်ဌာနတာဝန်ခံများက ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရုံးသုံးပစ္စည်းများထိန်းသိမ်းထားရှိမှုအခြေအနေများ၊ ဌာနအလိုက်သန့်ရှင်းသပ်ရပ်မှုရှိရေး ဆောင်ရွက်ထား

ရှိမှုအခြေအနေများကို အသီးသီးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံပိုင်ပစ္စည်း၊ အဆောက်အအုံများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ဂရုတစိုက်ထိန်းသိမ်းကြရေး၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်ဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားရှိသော ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ လုံခြုံရေးအသိသတိဖြင့် ဆောင်ရွက်ကြရေး၊ ဆိုက်ဘာလုံခြုံရေးကို အထူးသတိပြု ဆောင်ရွက်ကြရေး၊ ဌာနခွဲများအလိုက် ရုံးအင်္ဂါရပ်နှင့်ညီညွတ် သောပတ်ဝန်းကျင်ဖြစ်ရန် သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ကြရေး၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သောဘာသာရပ်များသာမက ပြင်ပဗဟုသုတများ၊ ခေတ်နှင့်လျော်ညီသောနည်းပညာရပ်များကို စဉ်ဆက်မပြတ် ကြိုးစားလေ့လာကြရေး၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်နှင့်အညီ နိုင်ငံတော်၏သစ္စာကိုစောင့်သိရိုသေပြီး၊ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အချာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ကြိုးပမ်းပြီး၊နိုင်ငံ့ဝန်ထမ်းများပီသစွာဖြင့် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းအောင်နေထိုင်ကာနိုင်ငံတော်နှင့်ဝန်ကြီးဌာနကပေးအပ်သော အမိန့်နှင့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၃၀)ကို သေချာစွာလိုက်နာကျင့်သုံးကြရေး၊ နိုင်ငံ့အကျိုး၊ ဝန်ကြီးဌာနအကျိုး၊ ပြည်သူလူထုအကျိုးတို့ကိုရှေးရှု၍ ရုံးလုပ်ငန်းများကို စနစ်တကျအောင်မြင်အောင် ဆောင်ရွက်ကြရန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနတွင်း ရုံးလုပ်ငန်း မွမ်းမံသင်တန်းနှင့် e-Government ဆိုင်ရာသင်တန်းများဖွင့်လှစ်သင်ကြားပေးနေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိဟိုတယ်များအား ကြည့်ရှုစစ်ဆေး**



နေပြည်တော်၊ ဩဂုတ်လ ၆ ရက်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဝင်း အတွင်းရှိဟိုတယ်များမှ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လျှောင်ဒဏ်သင့်ဟိုတယ်အဆောက်အဦနှင့်အခန်းများ၊ခန်းမများအားပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများနှင့်ဧည့်သည်များအားဝန်ဆောင်မှုပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလှည့်လည် ကြည့်ရှုစစ်ဆေးပါသည်။

ရှေ့ဦးစွာဟိုတယ်များမှ အထွေထွေမန်နေဂျာ နှင့် တာဝန်ရှိသူများက ဟိုတယ်အတွင်း/အပြင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လျှောင်ဒဏ်သင့်အဆောက်အဦ၊ အခန်းများအားပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းများ လည်ပတ်နေမှုအခြေအနေများအားရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးကလျှောင် ဒဏ်သင့်ဟိုတယ်၊ အဆောက်အဦများအား ပြုပြင်မွမ်းမံဆောင်ရွက်ကြရာတွင် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရေး၊ ပြင်ဆင်ဆဲအဆောက်အဦများ၊ အခန်းများအား အမြန်ဆုံးပြီးစီး အောင်ဆောင်ရွက်ကြပြီး ခရီးသွားရာသီမတိုင်မီ အဆင်သင့်ဖြစ်နေရန်နှင့်ရာနှုန်းပြည့်ဝန်ဆောင်မှုပေးနိုင်ရန်ကြိုးစားကြရေး၊ ဟိုတယ်များသို့ လာရောက်တည်းခိုသည့် ဧည့်သည်များအား မိမိတို့ဟိုတယ်များတွင် စိတ်အေးချမ်းမြွေ့စွာရက်ရှည် တည်းခိုနေထိုင်ကြရေးအတွက် ဟိုတယ်ဝင်းအတွင်း ဆွဲဆောင်မှုရှိသော အပြင်အဆင်များကို ဆောင်ရွက်ကြရေး၊ ဟိုတယ်များ ရှိအခန်းအမျိုးအစား၊ အဆင့်အတန်းများအလိုက်ပါရှိရမည့်ဟိုတယ်များ အနေဖြင့်မြို့တော်အင်္ဂါရပ်နှင့်အညီဖြစ်စေရန်ဟိုတယ်ပရဝဏ်အတွင်းနှင့်မျက်နှာစာများရှိ အရိပ်ရလေကာပင်များကို အလင်းဖွင့်ခြင်း၊ အောက်ခြေ ရှင်းလင်းခြင်းနှင့် အမှိုက်စွန့်ပစ်ခြင်းတို့ကို စနစ်တကျစွန့်ပစ်ကြရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပေးကြေညာချက်များနှင့်အရေးပေါ် ထွက်ပေါက်နေရာပြဆိုင်းဘုတ်များအား စီစဉ်ထားရှိရေး၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိဟိုတယ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာ ရေးအတွက်ဟိုတယ်များမှတာဝန်ရှိသူအဆင့်ဆင့်ပိုင်းဝန်းကြိုးစားကြရန်မှာကြားပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်ဟိုတယ်များ၌ ဧည့်သည်များအား ဝန်ဆောင်မှုပေးနေမှုအခြေအနေများနှင့် ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဟိုတယ်ဝင်းအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားရှိသောအော်ဂဲနစ်စိုက်ခင်းများနှင့်နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်တပ်ဆင်သုံးစွဲနေမှုအခြေအနေတို့ကို စစ်ဆေးမှာကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဟိုတယ်ဇုန် (၁) အတွင်းရှိ ဟိုတယ်များအားကြည့်ရှုစစ်ဆေး**



နေပြည်တော်၊ ဩဂုတ်လ ၇ ရက်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး၊ နေပြည်တော်ရှိ ခရီးသွားဆွဲဆောင်ရာနေရာများသို့ခရီးသွားဧည့်သည်များပိုမိုလာရောက် လည်ပတ်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဟိုတယ်ဇုန်(၁) ရာဇသင်္ဂဟလမ်းမကြီးရှိ ဟိုတယ်များမှ လျှောင်ဒဏ်သင့်ဟိုတယ်အဆောက်အဦ၊ အခန်းများနှင့် ခန်းမများအား ပြင်ဆင်မွမ်းမံဆောင်

ရွက်နေမှု အခြေအနေများ၊ ပြင်ဆင်ပြီး ဟိုတယ်များတွင် ဧည့်သည်များ လက်ခံဝန်ဆောင်မှုပေးနေမှုအခြေအနေများနှင့်ဟိုတယ်အင်္ဂါရပ်နှင့် အညီ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပါသည်။

ကြည့်ရှုစစ်ဆေးရာတွင်ရေးဦးစွာဟိုတယ်များမှအထွေထွေ မန်နေဂျာနှင့်တာဝန်ရှိသူများက လျှောင်ဒဏ်သင့် ဟိုတယ်အဆောက်အဦများ၊ အခန်းများအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှု အခြေအနေများ၊ ပြင်ဆင်ပြီး ဟိုတယ်များတွင် ဧည့်သည်များလက်ခံဝန်ဆောင်မှုပေးနေမှု အခြေအနေများ၊ ဟိုတယ်အတွင်း မြေယာရှုခင်းများပြင်ဆင်ဆောင်ရွက်ထားမှု၊ အပင်ကြီးများ၊ ခြုံနွယ်များကို ရှင်းလင်းဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အမှိုက်စွန့်ပစ်စနစ်များကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးကဟိုတယ်များအနေဖြင့် နိုင်ငံတကာအစည်းအဝေးများနှင့် အခမ်းအနားများကို လက်ခံကျင်းပနိုင်ရန်ပြင်ဆင်ဆောင်ရွက်ကြရေး၊နိုင်ငံတကာစံနှုန်းများနှင့် အညီအစိမ်းရောင်ဟိုတယ်များဖြစ်စေရန်ကြိုးစားကြရေး၊ဟိုတယ်များ၏ ဝန်ဆောင်မှု အရည်အသွေးများ၊ စံနှုန်းသတ်မှတ်ချက်အဆင့် အတန်းများ လျော့နည်း ကျဆင်းမှုမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ကြရေး၊ ပြင်ဆင်ဆဲအခန်းများကိုဆောလျင်စွာပြီးစီးစေရန်နှင့် ပြီးစီးသည့်အချိန်တွင် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်ဝန်ထမ်းစုဖွဲ့မှု၊ လေ့ကျင့်သင်ကြားမှုများကို ကြိုတင်စဉ်းစားစီစဉ်ထားကြရေး၊ ဟိုတယ်များသို့ လာရောက်တည်းခိုသည့် ဧည့်သည်များအနေဖြင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်စေရန်ဘုရားခန်း၊ဝတ်ပြုဆုတောင်းခန်းများကိုစီစဉ်ထားရှိနိုင်ရေး၊ဧည့်သည်များအား တည်ခင်းဧည့်ခံကျွေးမွေးရေးအတွက် ပြင်ဆင်ဆောင်ရွက် ကြသည့် စားဖိုဆောင်များအား စနစ်တကျသန့်ရှင်း သပ်ရပ်စွာထားရှိရေး၊ အစားအစာများကိုလည်း သန့်ရှင်းပြီးကျန်းမာရေးနှင့်ညီညွတ်မှုရှိအောင် ပြင်ဆင်ချက်ပြုတ်ကြရေး၊ ဟိုတယ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာပစ္စည်းများကို ခင်းကျင်းပြသနိုင်အောင်စီစဉ်ကြရေး၊ ဟိုတယ်သုံးပစ္စည်းများအား ပြည်တွင်းမှထုတ်လုပ်သောပစ္စည်းများဖြင့် အတတ်နိုင်ဆုံး အသုံးပြုရေး တို့ကို တာဝန်ရှိသူများအား မှာကြားပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်ဟိုတယ်ဝင်းများအတွင်း၌ စားပင်သီးပင်များစိုက်ပျိုးထားရှိမှုအခြေအနေများ၊နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်တပ်ဆင်သုံးစွဲနိုင်ရေးပြင်ဆင်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များအားဖြည့်စွက်မှာကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဌာနတွင်း ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား**



နေပြည်တော်၊ ဩဂုတ်လ ၈ ရက်

ဝန်ကြီးဌာန၏ သမိုင်းကြောင်း၊ မူဝါဒ၊ လုပ်ငန်းစဉ်များကို ကောင်းမွန်စွာ နားလည်သိရှိပြီး ရုံးလုပ်ငန်းများကို အောင်မြင်အောင် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော ဌာနတွင်းရုံးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကိုယနေ့မွန်းလွဲပိုင်းတွင်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ကျင်းပပြုလုပ်ရာအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ သင်တန်းသား/သူများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ရုံးခွဲတာဝန်ခံများ၊ အရာထမ်း/အမှုထမ်းများက hybrid စနစ်ဖြင့် တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဌာနတွင်းရုံးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းနှင့် ဆက်စပ်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ခရီးသွားကဏ္ဍအတွင်း ဝန်ဆောင်မှုအရည်အသွေးများ တိုးတက်လာစေရေး အတွက်ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများနှင့် ဘာသာစကားသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်းများ၊ ပြည်တွင်းပြည်ပသင်တန်းများကိုလည်း စေလွှတ်တက်ရောက်စေလျက်ရှိပါကြောင်း၊ဝန်ထမ်းများအနေဖြင့် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသော ဘာသာရပ်များကိုလေ့လာမှတ်သားပြီးဝန်ကြီးဌာန၏ သမိုင်းကြောင်းကို ကောင်းမွန်စွာနားလည်သိရှိကာ ပိုမိုတိုးတက်ကောင်းမွန်သော ဌာနအဖွဲ့အစည်းဖြစ်စေရန်ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ဝန်ထမ်းများအနေဖြင့်ဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ရည်မှန်းချက်၊လုပ်ငန်းတာဝန်များနှင့် မျှော်မှန်းချက်များကို ထိရောက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲလာသော ခရီးသွားများ၏ အပြုအမူများနှင့် Needs and Wants တို့ကို အစဉ်တစိုက်သုတေသနပြု လေ့လာကြရန်နှင့် ခရီးသွားဈေးကွက်၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှာ ခရီးသွားပြည်သူများအား စိတ်ကျေနပ်မှုရှိအောင် ဝန်ဆောင်မှုပေးရသော ကဏ္ဍကြီးဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် မိမိတို့ကိုယ်တိုင် အရည်အသွေးမြင့်ရမည့်အပြင် ဌာနတွင်းနှင့်ဌာနအပြင် အချင်းအချင်းဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ပေါင်းစပ်ညှိနှိုင်းမှုတို့ဖြင့် ကြိုးစားကြရမည် ဖြစ်ပါကြောင်း ၊ ထို့အတွက် ယခုကဲ့သို့ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်း ကောင်းများဖြစ်အောင် လေ့လာမြှင့်တင်ကြပြီး နိုင်ငံ့အကျိုး၊ ဝန်ကြီးဌာန အကျိုးနှင့်မြန်မာ့ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ကြိုးစားဆောင်ရွက်ကြရန်တိုက်တွန်းမှာကြားပြီး သင်တန်းသား /သင်တန်းသူ များအား တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လျှော်ဒဏ် ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီ နေထိုင်နိုင်ရန် ခွဲဝေချထားပေးသည့် Container House များ၌ နေထိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



နေပြည်တော်၊ ဩဂုတ်လ(၉)ရက်

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့ နံနက်ပိုင်းတွင်ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများလိုက်ပါလျက်ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ရုံးဝန်းအတွင်း၌ ဝန်ကြီးဌာနမှ လျှော်ဒဏ်သင့် ဝန်ထမ်း များနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေး သည့် အိပ်ခန်းတစ်ခန်းပါ Container Houseများနှင့်ယာယီနေထိုင်သည့် နေရာများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးပါသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအားတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဝန်ထမ်းများအနေဖြင့် မိမိတို့အားခွဲဝေချထားပေးသည့် Container House များတွင်နေထိုင်ရာ၌ သန့်ရှင်းသပ်ရပ်စွာစည်းကမ်းတကျနေထိုင်ကြရန်၊ Container House များ၏ ပတ်ဝန်းကျင်တွင်လည်း အမှိုက်စွန့်ပစ်မှုများကို စနစ်တကျ စွန့်ပစ်ကြရန်၊ လူအများနှင့်နေထိုင်ရသည့်အတွက် ကျန်းမာရေး နှင့်ညီညွတ်မှုရှိပြီး ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် အထူးဂရုပြုနေထိုင်ကြရန်၊ Container House များပျက်စီးချို့ယွင်းမှု မရှိစေရေး ညွှန်ကြားချက်နှင့်အညီ နေထိုင်သုံးစွဲရန်၊ လုံခြုံရေးအသိ သတိဖြင့်နေထိုင်ကြရန်၊ မိုးရာသီကာလဖြစ်သဖြင့် Container House ပတ်ဝန်းကျင်များတွင် ရေဝပ်မှုမရှိစေရေး၊ ခြုံနွယ်ပိတ်ပေါင်းများရှင်းလင်းစေရေးတို့အတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးကြရန်၊ ရေ/မီး၊ မိလ္လာကောင်းမွန်မှုရှိစေရေး၊ လုံခြုံရေးတို့အတွက် တာဝန်ရှိသူများက အစဉ်တစိုက်ကြည့်ရှု ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ လျှော်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နေသည့် နေရာများသို့ သွားရောက်တွေ့ဆုံပြီး လျှပ်စစ်မီးများ စနစ်တကျသုံးစွဲကြရန်၊ အိပ်ဆောင်ဘေးပတ်ဝန်းကျင်များအား အပတ်စဉ်သန့်ရှင်းရေး ဆောင်ရွက်ကြရန်၊ အမှိုက်များအား သတ်မှတ်နေရာတွင်သာ စွန့်ပစ်ကြရန်၊ အိပ်ဆောင်များတွင် အဆောင်တာဝန်ခံများထားပြီး စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေးတို့ကို ကြီးကြပ်ဆောင်ရွက်သွားရန်လမ်းညွှန်မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော် ဟိုတယ်ဇုန် (၁) အတွင်းရှိ ဟိုတယ်များအား လှည့်လည် ကြည့်ရှုစစ်ဆေး



နေပြည်တော်၊ ဩဂုတ်လ(၁၂)ရက်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလျက် ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဟိုတယ်ဇုန်(၁) ရာဇသင်္ဂဟလမ်းမကြီးရှိ ဟိုတယ်များမှ ခြုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ အရိပ်ရလေကာပင်များအားအလင်းဖွင့်ခြင်း၊ မြေယာရှုခင်းများအား သန့်ရှင်းသာယာလှပ မှုရှိစေရေး ဆောင်ရွက်ထားမှုအခြေအနေများနှင့် မန္တလေးမြေ လျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှု အခြေအနေများ၊ဧည့်သည်လက်ခံ၍ဝန်ဆောင်မှုပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးအား ဟိုတယ်များမှ အထွေအထွေမန်နေဂျာများနှင့် တာဝန်ရှိသူများက မန္တလေးငလျင်ကြီးကြောင့် ဟိုတယ်များ၏ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင် မွမ်းမံဆောင်ရွက်နေမှုအခြေအနေများ၊ အပြာရောင်အဆင့်ရှိ အဆောက်အဦများကို မွမ်းမံပြင်ဆင်၍ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ထိခိုက်ပျက်စီးမှုမရှိသည့် အဆောက်အဦ၊ အခန်းများ၌ ခရီးသည်များလာရောက်တည်းခိုနေထိုင်နိုင်အောင် ဖွင့်လှစ်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် မိမိတို့ ဟိုတယ်ဥယျာဉ်နှင့်ဝင်လမ်းထွက်လမ်းများ၊ ဟိုတယ်ပတ်ဝန်းကျင်နှင့် ဟိုတယ်ဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်း၍ မြင်ကွင်းပသာဒကောင်းမွန်အောင် ဆောင်ရွက်ကြရန်၊ ဟိုတယ်အခန်းများအတွင်း ဧည့်သည်အသုံးအဆောင်ပစ္စည်းများနှင့်အခန်းအဆင့်လိုက်ပါရှိရမည့် ပစ္စည်းများကိုပါ ပြည့်စုံအောင်စီစဉ်ထားရှိကြရန်၊ အရေးပေါ် ထွက် ပေါက်ပြသတိပေး ဖော်ပြချက်များအား မြင်သာသည့်နေရာတွင်ထားရှိကြရန်၊ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် စည်းမျဉ်း/စည်းကမ်းများ၊ လိုင်စင်သတ်မှတ်ချက်များနှင့်အညီ ဟိုတယ်လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ဧည့်သည်များအား အရည်အသွေးရှိပြီး ဘေးအန္တရာယ်ကင်းသော ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်မှ

ကြပ်မတ်ဆောင်ရွက်ကြရန်၊ ဟိုတယ်များအနေဖြင့် ပြန်လည် တည်ဆောက်ပြုပြင်မွမ်းမံရေး ဆောင်ရွက်ကြရာတွင် ဘေးအန္တရာယ်ကင်း ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် ၊ ထိခိုက်ပျက်စီးခဲ့သော်လည်း လူနေထိုင်နိုင်သည့် အခန်းများနှင့်ခန်းမများကို အသိအမှတ်ပြု အင်ဂျင်နီ ယာအဖွဲ့များဖြင့် စနစ်တကျပြုပြင်မွမ်းမံ၍ ဧည့်သည်များပိုမို လက်ခံနိုင်ရေးကြိုးစား ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး ဟိုတယ်ဝင်းများအတွင်း နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် တပ်ဆင်သုံးစွဲနိုင်ရေး ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းထုနှင့်တွေ့ဆုံ**



နေပြည်တော်၊ ဩဂုတ်လ ၁၅ ရက်

မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်လာ ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသော အင်းလျားလိတ်ဟိုတယ်သို့ သွားရောက်ကာ ဟိုတယ်ဝင်းအတွင်း/အပြင် သန့်ရှင်းသာယာလှပရေးနှင့် ဝန်ဆောင်မှုပေးနေမှု အခြေအနေများ၊ ဟိုတယ်အဆင့်အတန်းနှင့်အညီ ခင်းကျင်းထားရှိသည့် ဟိုတယ်သုံးနှင့်ဆက်စပ်ပစ္စည်းများ၊ စားသောက်ဆိုင်များ၊ စားသောက်ခန်းမများ၊ ရေကူးကန်၊ အားကစားခန်းမနှင့် အရေးပေါ်ဆေးခန်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးနှင့်ကိုက်ညီမှုရှိသော ဝန်ဆောင်မှုများကို ပေးနိုင်ရေးဆောင်ရွက်ကြရန်၊ စည်းမျဉ်း/စည်းကမ်း များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ကြရန်၊ အရည်အချင်းရှိသော ဟိုတယ်ဝန်ထမ်းများ များပြားလာစေရေး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ကြရန်နှင့် အစားအစာများအားသန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်မှုရှိစွာပြင်ဆင်ဧည့်ခံကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Strand ဟိုတယ်၌ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒ(၆)ရပ်၊ ရည်ရွယ်ချက်(၈)ချက်၊ ရည်မှန်းချက်(၈)ချက်တို့ အတိုင်း လုပ်ငန်းစဉ်များအား အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရေး၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်နှင့်နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့်ကျင့်ဝတ်အပါး (၃၀)တို့နှင့်အညီ ဆောင်ရွက်ကြရေး၊ အရည်အချင်းနှင့် အရည် အသွေးများပြည့်ဝနေစေအောင်ကြိုးစားကြရေးလမ်းညွှန်မှာကြားပြီးနောက်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများကလုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Strand ဟိုတယ်၌ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံပါသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးကဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများအားဝန်ကြီးဌာနက ပံ့ပိုးကူညီပေးနိုင်ရေးအတွက် အသင်းအဖွဲ့များနှင့်ယနေ့ တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုကိုအလေးထား၍ အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များပူးပေါင်းကာ နိုင်ငံတော်အစိုးရမှ ချမှတ်ထားသောရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်ပေးကြစေလိုပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက်အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှာအရေးကြီးပါကြောင်း၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် နိုင်ငံ့အကျိုး၊ လူထုအကျိုး၊ မိမိအကျိုးတို့ကိုဘက်ညီမျှတစွာ လုပ်ကိုင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ခရီးသွားလုပ်ငန်းမှာ ဝန်ဆောင်မှုကိုအဓိကထား ဆောင်ရွက်ရသည့်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍ အတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားလာစေရေးတို့အတွက် အစဉ်တစ်စိုက် ကြိုးစားဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားပါသည်။

ထို့နောက် တက်ရောက်လာကြသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များမှ တာဝန်ရှိသူများက အသင်းလိုက်ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ကော်မတီများဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်ပနိုင်ငံများမှခရီးသွားဈေးကွက်ရရှိရေးအတွက် ဈေးကွက်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို အသီးသီးရှင်းလင်းတင်ပြကြရာ ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးကဖြည့်စွက်ရှင်းလင်းပြောကြားပြီးပြည်ထောင်စုဝန်ကြီးကလိုအပ်သည်များကိုပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များသို့သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော်၊ ဩဂုတ်လ ၁၆ ရက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများသို့လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာတည်းခို နေထိုင်နိုင်ရန်အတွက်ဟိုတယ်လုပ်ငန်းများစနစ်တကျလည်ပတ်လုပ်ကိုင်ကြစေရေး အစဉ်တစိုက် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက် လျက်ရှိသော ဟိုတယ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပါသည်။

ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ်များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် အကောင်အထည် ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ အခန်းတွင်း/ပြင် ခင်းကျင်းထားရှိမှုအခြေအနေများ၊ လုပ်ငန်းတိုးတက်မှုနှင့် ဧည့်သည်များ လာရောက်တည်းခိုမှုအခြေအနေများ၊ဧည့်သည်များ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ဟိုတယ်များအားရှေးမူမပျက်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့မှာ မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသကြီးတစ်ခုဖြစ်သည့်အတွက် ဟိုတယ်များအနေဖြင့် လာရောက်တည်းခိုနေထိုင်ကြသည့် ဧည့်သည်များကို အဆင့်အတန်းမီသော ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုများပေးနိုင်ရန် စဉ်ဆက်မပြတ်ကြိုးစားကြရေး၊ ဟိုတယ်ရှိဝန်ထမ်းများအား စွမ်းဆောင်ရည်ပြည့်ဝသောဝန်ထမ်းများဖြစ်စေရေး၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ထုတ်ပြန်ထားရှိသည့်အမိန့်နှင့် ညွှန်ကြားချက်များအားလိုက်နာဆောင်ရွက်ရေး၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများအားခင်းကျင်းထားရှိ၍ မြန်မာ့ရိုးရာအစားအစာများကိုလည်း အဆင့်အတန်းမီစွာ ချက်ပြုတ်ပြင်ဆင်ဧည့်ခံရေး၊ ဟိုတယ်များရှိ ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး မြန်မာ့အမွေအနှစ်နှင့် ခေတ်သစ်ဒီဇိုင်းတို့ကို ပေါင်းစပ်ကာ အဆင့်အတန်းမီ ဟိုတယ်များဖြစ်စေရန် ကြိုးစားဆောင်ရွက်ရေး တို့ကို တာဝန်ရှိသူများကိုမှာကြားပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ လုပ်ငန်းယာယီရပ်ဆိုင်းထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ပွင့်လင်းရာသီကာလ ခရီးသွားရာသီအမီ ဟိုတယ်အခန်းများ၊ ခန်းမများအား ရာခိုင်နှုန်းလိုက် အမြန်ဆုံးစတင်ဖွင့်လှစ်ပြီး နောင်ဧည့်သည်များ ပိုမိုလက်ခံနိုင်ရေးကြိုးစားသွားရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များဖြစ်သည်နှင့်အညီ နိုင်ငံတကာစံသတ်မှတ်ချက်များ အတိုင်းလုပ်ငန်းများ စနစ်ကျနမှုရှိစေရေးဆောင်ရွက်ရန်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကိုမှာကြားခဲ့ပါသည်။

ထို့နောက် ဟိုတယ်များမှ တာဝန်ရှိသူများက ခရီးသွားရာသီအမီ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဖွင့်လှစ်နိုင်ရေးပြင်ဆင်ထားရှိမှုအခြေအနေများ၊ ကြုံတွေ့နေရသည့်အခက်အခဲများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဟိုတယ်များမှ အာဆီယံအဆင့် နိုင်ငံတကာအစည်းအဝေးများလက်ခံကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလာ တက္ကသိုလ်မှ ခရီးသွားလုပ်ငန်းနှင့်ဧည့်ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ် အထူးပြုပထမနှစ် ကျောင်းသား/ ကျောင်းသူ များနှင့်တွေ့ဆုံ



နေပြည်တော်၊ ဩဂုတ်လ ၁၈ ရက်

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များကို နိုင်ငံတကာအဆင့်မီ ပြည့်စုံကောင်းမွန်သည့် ဝန်ဆောင်မှုများပေးစွမ်းနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မန္တလေးမြို့၊ မန္တလာတက္ကသိုလ်နှင့် ရန်ကုန်မြို့၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့တွင် ခရီးသွားလုပ်ငန်းနှင့်ဧည့်ဝန်ဆောင်မှုဆိုင်ရာစီမံခန့်ခွဲမှု ဘာသာရပ်အထူးပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် နေပြည်တော်သို့ လေ့လာရေးခရီးစဉ်ရောက်ရှိနေသည့်မန္တလာတက္ကသိုလ်မှခရီးသွားလုပ်ငန်းနှင့်ဧည့်ဝန်ဆောင်မှုဆိုင်ရာစီမံခန့်ခွဲမှုဘာသာရပ် အထူးပြုပထမနှစ် ကျောင်းသား/ ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင်ဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌တွေ့ဆုံခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ

အမြဲတမ်းအတွင်းဝန်နှင့် အရာရှိကြီးများ၊ အရာထမ်း/အမှုထမ်း များ၊ မန္တလာတက္ကသိုလ်မှ နေပြည်တော်လေ့လာရေးခရီးစဉ်သို့ လိုက်ပါလာကြသည့် အုပ်ချုပ်သူဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြပါသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးကအဖွင့် အမှာစကားပြောကြားရာ၌ ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် မန္တလေးမြို့ရှိ မန္တလာတက္ကသိုလ်နှင့်ရန်ကုန်မြို့ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်တို့တွင် ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်မှစတင်၍ ခရီးသွားလုပ်ငန်းအထူးပြု ဘာသာရပ်ကို ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်မှာ ယခုဆိုလျှင် (၁၃)နှစ်ရှိပြီဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ပညာ သင်နှစ်အထိ မန္တလာတက္ကသိုလ်မှခရီးသွားလုပ်ငန်းအထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိသူ (၄၂၇)ဦးနှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်) မှ ဘွဲ့ရရှိသူ (၆၀၉)ဦး၊ စုစုပေါင်း ဘွဲ့ရရှိသူ(၁,၀၃၆)ဦးထိရှိသွားပြီဖြစ်ပါကြောင်း၊ယခင်က မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်များတွင် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု ဘာသာရပ်ကို (၉)လ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ယခုအခါမှာ ဝိဇ္ဇာဘွဲ့ကိုပေးအပ်ချီးမြှင့်နိုင်သောအဆင့်ကိုတက်လှမ်းလာနိုင်တာကိုတွေ့ရှိရသည့်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရေးတိုးမြင့်လာသည့် အနေအထားကိုတွေ့ရှိရမှာဖြစ်ပါကြောင်း၊ပေးအပ်သည့်ဘွဲ့အနေဖြင့်လည်း ယခင်က ဝိဇ္ဇာဘွဲ့ (ခရီးသွားလုပ်ငန်း) B.A(Tourism)မှဟိုတယ်နှင့်ခရီးသွားကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံကိုယ်စားပြုရန် ကိုက်ညီသည့် ခရီးသွားလုပ်ငန်းနှင့်ဧည့်ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ် Bachelor of Tourism and Hospitality Management-BTHM ဘွဲ့သို့ ပြောင်းလဲပေးအပ်ခဲ့သည်ကိုတွေ့ရှိရမှာဖြစ်ပါကြောင်း၊ ဆက်လက်၍အခွင့်အလမ်းများနှင့်အတွေ့အကြုံများရရှိလာသည့်အခါ မဟာဘွဲ့စသည့်ပိုမို အဆင့်မြင့်မားသော သင်ကြားရေးအနေအထားသို့ရောက်ရှိလာအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ရန်ကုန်မြို့နှင့် မန္တလေးမြို့များ တွင် သာမကပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်လည်း Nay Pyi Taw State Academy ၌ ခရီးသွားလုပ်ငန်းနှင့်ဧည့်ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ်ကို ယခုပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ လက်ရှိ ပထမနှစ်သင်တန်းတွင် သင်တန်းသား(၃၀)ဦးတက်ရောက်သင်ယူလျက်ရှိပါကြောင်း၊ သို့ဖြစ်ရာခရီးသွားလုပ်ငန်းဆိုင်ရာဘာသာရပ်များအဆင့် အတန်းမြင့်မားလာစေရန်နှင့် တွင်ကျယ်လာစေရန် ပညာရေးပိုင်းဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ များအနေနှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း ပညာရေးဆိုင်ရာသင်ကြားရေးအပိုင်းတွင် လိုအပ်သော ဘာသာရပ်များကိုကူညီသင်ကြားပေးနိုင်ရေးအတွက် ဝန်ကြီးဌာနမှအရာထမ်းများကိုသက်ဆိုင်ရာတက္ကသိုလ်/ ကောလိပ်များသို့စေလွှတ် ပို့ချပေးလျက်ရှိပြီး ပြည်ပမှဘာသာရပ် ကျွမ်းကျင်သည့် Visiting Lecturer များသွားရောက်ပို့ချနိုင်ရေးကိုလည်း ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင်ခရီးသွားလုပ်ငန်းဆိုင်ရာ ဘွဲ့ရ ကျောင်းသား/ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေနိုင်ရန်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအသိပညာဗဟုသုတရှိပြီးဖြစ်သော အရည်အသွေးရှိ ဝန်ထမ်းများတိုးပွားလာရေးအတွက် ဝန်ကြီးဌာနတွင် အရာထမ်း/ အမှုထမ်းများအဖြစ် ပြန်လည်ခေါ်ယူခန့်ထားပေးလျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အနေအထားနှင့် သဘော သဘာဝအရ ပြောင်းလဲဖြစ်ပေါ် တိုးတက်မှု မြန်ဆန်တာကို တွေ့ရှိ ရမှာဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ အလွန်ကာလမှစတင်၍ ခရီးသွားများ၏ ပုံစံများ ပြောင်းလဲလာကာ ခရီးသွားလုပ်ငန်း အမျိုးအစားများလည်း ကျယ်ပြန့်လာပြီး ခရီးသွားလုပ်ငန်းဆိုင်ရာသီအိုရီအတွေးအခေါ်များအသစ်ဖြစ်ထွန်းလာသည်ကိုတွေ့ရှိရ မှာဖြစ်ပါကြောင်း၊ ထိုသို့အသစ်ပြောင်းလဲဖြစ်ပေါ်နေသည်များကို အမြဲလေ့လာသုံးသပ်နေရန် ကျောင်းသား/ကျောင်းသူများအနေဖြင့် လည်း လိုအပ်သော ပညာရေးဆိုင်ရာသင်ခန်းစာများနှင့် ပြင်ပမှအတွေ့အကြုံဗဟုသုတများကိုပေါင်းစပ်ပြီး မိမိတို့၏ပညာရေးဝမ်းစာပြည့်ဝနေဖို့ ကြိုးစားရမည်ဖြစ်ပါကြောင်း၊ မတ်လ(၂၈)ရက်နေ့တွင်လှုပ်ခတ်သွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းစသည့်ဒေသများတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ရှိ ခရီးစဉ်ဒေသများ၊ သဘာဝဘေးကြောင့် ခရီးသွားလုပ်ငန်းအပအဝင် လုပ်ငန်းကဏ္ဍ အတော်များများတွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့သော်လည်း အားလုံးစိတ်ပျက် အားငယ်မှုမရှိဘဲ မိမိတို့၏လုပ်ငန်းကဏ္ဍ၊ မိမိတို့ဒေသ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးကို အားလုံးစည်းစည်းလုံးလုံးနှင့်ကျရာနေရာမှကြိုးပမ်းဆောင်ရွက်သွားကြစေလို ကြောင်း၊ မကြာမီ စက်တင်ဘာလ (၂၇)ရက်နေ့တွင်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနား ကို ယခုနှစ် အတွက် Theme ဖြစ်သော Tourism and Sustainable Transformation ခေါင်းစဉ်ဖြင့် နေပြည်တော်တွင် ကျင်းပဆောင်ရွက်သွားရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်း၏ကမ္ဘာလုံးဆိုင်ရာအရေးပါမှုကိုထင်ဟပ်စေရန်ဆောင်းပါးပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မန္တလာတက္ကသိုလ်နှင့်အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများအား နှစ်စဉ်ဖိတ်ကြား၍ ပါဝင်ယှဉ်ပြိုင်စေခဲ့သဖြင့် ယခုနှစ်တွင်လည်းလာရောက်ပါဝင်ဆင်နွှဲရန်ဖိတ်ခေါ်ပါကြောင်း၊ ကျောင်းသား/ ကျောင်းသူများအနေဖြင့် မိမိတို့လေ့လာ သင်ယူတတ်မြောက်ခဲ့သော သင်ခန်းစာများနှင့် ယခုနေပြည်တော် ခရီးစဉ်အတွင်းလက်တွေ့လေ့လာတွေ့ရှိချက်များကို မိမိတို့၏အတွေးအခေါ် ဆန်းသစ်တီထွင်မှုများနှင့် ပေါင်းစပ်ပြီး လက်တွေ့အသုံးချနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် နိုင်ငံ၏ဟိုတယ်နှင့်ခရီးသွားကဏ္ဍစနစ်တကျနှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာ အခန်းကဏ္ဍမှပိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း တိုက်တွန်း ပြောကြားပါသည်။

ဆက်လက်၍ မန္တလာတက္ကသိုလ်ခရီးသွားလုပ်ငန်းနှင့်ဧည့် ဝန်ဆောင်မှုဆိုင်ရာစီမံခန့်ခွဲမှုဘာသာရပ်အထူးပြုပထမနှစ် ကျောင်းသား/ ကျောင်းသူများကိုယ်စား ကျောင်းသူ ၁ ဦးမှ လေ့လာ ရေးခရီးစဉ် အတွေ့အကြုံများကိုရှင်းလင်းတင်ပြပြီး ကျောင်းသား/ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ဝန်ကြီးဌာနမှ တာဝန်ရှိသူများမှ အသီးသီး ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များအား ကြည့်ရှုစစ်ဆေး**



နေပြည်တော်၊ ဩဂုတ်လ (၁၉) ရက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် တာဝန် ရှိသူများ လိုက်ပါလျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိ မြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိဟိုတယ်များမှ ငလျင်ဒဏ်သင့် ဟိုတယ် အဆောက်အဦနှင့်အခန်းများ၊ ခန်းမများအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှု အခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဧည့်သည်လက်ခံနိုင် ရေးပြင်ဆင်ထားရှိမှုအခြေအနေများ၊သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထား ရှိမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ဟိုတယ်များမှအထွေထွေမန်နေဂျာနှင့် တာဝန် ရှိသူများကငလျင်ဒဏ်သင့်အဆောက်အဦ၊ အခန်းများ၊ ခန်းမများ အားပြုပြင် မွမ်းမံဆောင်ရွက်နေမှုအခြေအနေများ၊ ဧည့်သည်များလာရောက် တည်းခို နေထိုင်မှုအခြေအနေများ၊ ဟိုတယ်အတွင်း/အပြင်သန့်ရှင်းသာယာ လှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်ပြီး ငလျင်ဒဏ်သင့် ဟိုတယ်၊ အခန်းများအား ဧည့်သည်များအမြန်ဆုံးလက်ခံ နိုင်ရန်ပြင်ဆင်ကြရန်၊ ပြင်ဆင်ဆဲအခန်းများ၊ ခန်းမများကိုလည်းသတ်မှတ် စံချိန်စံနှုန်းများနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရန်၊ ဟိုတယ်များအနေဖြင့် မိမိတို့ဟိုတယ်များသို့ ဧည့်သည်များပိုမိုလာရောက် တည်းခိုနေထိုင်နိုင်ရေး ကြိုးစားဆွဲဆောင်ကြရန် ဟိုတယ်များအနေဖြင့် ဆွဲဆောင်မှုရှိသော အပြင်အဆင်များကို ဖန်တီး ဆောင်ရွက်ကြရန် ၊ ဟိုတယ် များရှိ အစည်းအဝေးခန်းများ၊ ခန်းမများကို နိုင်ငံတကာအစည်းအဝေးများ ကျင်းပနိုင်အောင်ပြင်ဆင်ကြရန် ၊ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ ဟိုတယ်များအနေဖြင့် အာဆီယံအဆင့်ပေးအပ်သော ဟိုတယ် ဆိုင်ရာဆုများကို ရရှိနိုင်အောင် စဉ်ဆက်မပြတ် ကြိုးစားကြရန် ၊ ဟိုတယ် များအနေဖြင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရာတွင် အမှိုက်များကို စနစ်တကျ စွန့်ပစ်သည့်အလေ့အထများကိုပါ အကောင်အထည်ဖော်ကြရန် ၊ ဟိုတယ်ဝန်ထမ်းများအနေဖြင့် ဟိုတယ်လုပ်ငန်းခွင်အတွင်း သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးသင်တန်းများ တွင်လည်း ပါဝင်တက်ရောက် စေရေးတာဝန်ရှိသူများကစိစစ်ကြပ်မတ်ကြရန်နှင့်ဟိုတယ်ဆိုင်ရာဝန်ဆောင် မှုအဆင့်အတန်းများ မြင့်မားလာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး ဟိုတယ်များတွင်နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် တပ်ဆင် သုံးစွဲနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ငလျင် ဘေးဒဏ်သင့် အပြာရောင်အဆင့်သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာများ တွင် ပြင်ဆင်ပြီးစီး၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြန်လည် ပြောင်းရွှေ့နေထိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီးရေ၊ မီး၊ မိလ္လာနှင့်အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ ဘေး အန္တရာယ်ကင်းရှင်းစွာနေထိုင်နိုင်ရေးတို့အတွက် တာဝန်ရှိသူများကို မှာကြား ပြီး ဝန်ထမ်းများ၏ အခက်အခဲများနှင့်တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပပြုလုပ်



နေပြည်တော်၊ ဩဂုတ် ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက် ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက် ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး၊ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းနှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ သူများ၊ ဝန်ကြီးဌာန CPU အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်း များပါဝင် တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများမှ ရုံးခွဲ တာဝန်ခံများ နှင့်ဝန်ထမ်းများကအွန်လိုင်းမှပါဝင်တက်ရောက်ကြပါသည်။

ပထမဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကအဖွင့်အမှာစကားပြောကြားရာ၌ဝန်ကြီး ဌာနသို့လာရောက်၍ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော ဆွေးနွေး ပေးသည့်အတွက်ကျေးဇူးတင်ရှိပါကြောင်း၊ အဂတိလိုက်စား မှုမှာနိုင်ငံတော် ၏ နိုင်ငံရေးစီးပွားရေးလူမှုရေးကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကောင် အထည်ဖော်ရာတွင် အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံတကာတွင် လည်း အဂတိလိုက်စားမှုကြောင့် မမျှော်မှန်းနိုင်သော ပြဿနာရပ်များကို ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် အဂတိလိုက်စားမှု တားဆီးကာကွယ် ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်ကို လေ့လာတွေ့ရှိရပါ ကြောင်း၊ အဂတိလိုက်စားမှုကြောင့် အကျင့်စာရိတ္တ ပျက်စီးရုံသာမက ကိုယ်ရည်ကိုယ်သွေးနှင့်စွမ်းဆောင်ရည်များပါ ကျဆင်းလာစေနိုင်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဂတိတရား (၄) ပါးကင်းရှင်းပြီး တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ရုံးလုပ်ငန်းများကို အောင်မြင်အောင်ကြိုးစား ဆောင်ရွက် ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ အဂတိတရားကင်းစွာဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၌ ဌာနတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အတွက် ဝန်ထမ်းများ အဂတိတရား ကင်းရှင်း အောင် အသိပညာပြန့်ပွားရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ကြရ မည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲမှရသည့် အဂတိလိုက်စားမှု တိုက်ဖျက်

ရေးနှင့်ပတ်သက်၍ အသိပညာများကို မိမိတို့မိသားစု၊ မိမိ ပတ်ဝန်းကျင်ရှိ ပြည်သူများကို မျှဝေသွားခြင်းဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူပေါင်းပါဝင်ပေးကြစေလို ပါကြောင်း တိုက်တွန်းပြောကြားပါသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦးက အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းတိုင်း အဂတိလိုက်စားမှု၏ ဘေးအန္တရာယ်နှင့် သဘောသဘာဝများကို သိရှိရောင်ကြဉ်နိုင်စေရန်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ဦးတစ်ယောက်မှစ၍ ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ အဂတိလိုက်စားမှုကိုလက်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းဖန်တီးဖော်ဆောင်နိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိက အဟန့်အတားတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက် နစ်နာစေသည့် အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကိုပါဆိုးကျိုးသက်ရောက်နိုင်ပါကြောင်း၊ အဂတိလိုက်စားမှုကြောင့် ကမ္ဘာပေါ်တွင်နှစ်စဉ်အမေရိကန်ဒေါ်လာ ၂.၆ ထရီလီယံ၊ ကမ္ဘာ့ GDP ၏ ၅ ရာခိုင်နှုန်းခန့် ဆုံးရှုံးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိအားအပ်နှင်းထားသည့်လုပ်ပိုင်ခွင့် အာဏာကိုကိုယ်ကျိုးအတွက် အသုံးချခြင်းမပြုဘဲ အများပြည်သူအကျိုးရှေ့ရှုဆောင်ရွက်ရန် အရေးကြီးကြောင်း၊ အစိုးရနှင့် ပြည်သူအကြား ယုံကြည်မှုခိုင်မာမှသာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ တက်ညီလက်ညီနှင့် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ **"အဂတိပယ်ခွာပြည်သာယာ"** ဆောင်ပုဒ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားခဲ့ပါသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

၎င်းနောက်ကော်မရှင်အဖွဲ့ဝင်ဒေါ်ကြူကြူဝင်းခေါင်းဆောင်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ရာတွင်ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

## လုပ်ငန်းယာယီရပ်ဆိုင်းထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များ၊ ပုဂ္ဂလိကဟိုတယ်များအား ခရီးသွားရာသီအမီ အမြန်ဆုံးပြန်လည်ဖွင့်လှစ် လုပ်ကိုင်နိုင်ရေးနှင့်စပ်လျဉ်းသော ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်



နေပြည်တော်၊ ဩဂုတ်လ ၂၂ ရက်

မန္တလေးလျှင်ကြီးကြောင့် လျှင်ဘေးဒဏ်သင့်ဒေသများ၌ လုပ်ငန်းများယာယီရပ်ဆိုင်းထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များ၊ ပုဂ္ဂလိကဟိုတယ်များအား ခရီးသွားရာသီအမီ လုပ်ငန်းများအမြန်ဆုံးပြန်လည် လည်ပတ်လုပ်ကိုင်နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ် နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်မြို့၌ နိုင်ငံတကာအဆင့်မီဟိုတယ်နှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦများ ပါဝင်သော စီမံကိန်းများကိုအကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည့် Hoang Anh Gia Lai Myanmar Company Limited (HAGL Myanmar)၏ ဒါရိုက်တာနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံပြီး HAGL Myanmar မှ စီမံကိန်း အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကိုရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီဆောင်ရွက်ကြရေး၊ လုပ်ငန်းများအားသတ်မှတ်ကာလအတိုင်း အချိန်မီပြီးစီးအောင်အကောင်အထည် ဖော်ကြရေး၊ ခရီးသွားရာသီအမီ လုပ်ငန်းများလည်ပတ်နိုင်အောင် ပြင်ဆင်ကြရေး၊ နိုင်ငံတော်သို့ပေးသွင်းရမည့်ငွေရမ်းခများ၊ အခွန်အခများကို အပြည့်အဝ ပေးသွင်းကြရေး၊ အဆောက်အဦ/ အခန်းများအား သတ်မှတ်ထားရှိသည့်စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ကြရေး တာဝန်ရှိသူများကို ပြောကြားပြီး မြန်မာ-ဗီယက်နမ်ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ HAGL Myanmar ၏ ဒါရိုက်တာဖြစ်သူ Mr. Nguyen Van Kha နှင့် အဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ နီလာအစည်းအဝေးခန်းမ၌ လုပ်ငန်းများယာယီ ရပ်ဆိုင်းထားသော ဟိုတယ်များအား ပွင့်လင်းရာသီကာလ ခရီးသွားရာသီ အမီ လုပ်ငန်းများအမြန်ဆုံးပြန်လည် လည်ပတ်လုပ်ကိုင်နိုင်ကြရေးနှင့် စပ်လျဉ်းသော ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လျှင်ဘေးဒဏ်သင့် ဒေသများရှိ ဟိုတယ်များမှ ပြန်လည်ပြုပြင်မွမ်းမံနေမှု အခြေအနေများနှင့်ကြုံတွေ့နေရသော အခက်အခဲများကို ကူညီပံ့ပိုးပေးနိုင်ရန် မြေပြင်ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများ၊ ဟိုတယ်များမှဧည့်သည်များ ပြန်လည်လက်ခံဆောင်ရွက်နေမှုအခြေအနေများ၊အကြောင်းအမျိုးမျိုးကြောင့်လုပ်ငန်းများ ယာယီရပ်ဆိုင်းထားသော ဟိုတယ်များမှ အမြန်ဆုံး ပြန်လည် ဖွင့်လှစ်လုပ်ကိုင်နိုင် ရေးပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဟိုတယ်များအနေဖြင့် မြို့တော်အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပနေစေရေးနှင့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုအဆင့်အတန်းများ မြင့်မားလာစေရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ရုံးခွဲတာဝန်ခံများကဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များဖြင့် ပူးပေါင်း၍ အစဉ်တစိုက် အကောင်အထည်ဖော်ကြရေးကိုတာဝန်ရှိသူ အဆင့်အဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန် လမ်းညွှန် မှာကြားပြီး ဒုတိယဝန်ကြီး နှင့်တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကိုအသီးသီး ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန် လမ်းညွှန် မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အာဆီယံ-တရုတ်ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဖိုရမ်ဖွင့်ပွဲနှင့် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာစာရင်းအင်းများတစ်ပြေးညီဖြစ်စေရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားများသို့တက်ရောက်၍အဖွင့်အမှာစကားပြောကြား




နေပြည်တော်၊ ဩဂုတ်လ ၂၅ ရက်

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့အကြား ပြည်သူချင်း ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ပေးရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးများကို အထောက်အကူပြုသည့်လုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ရန်ရည်ရွယ်၍ အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဖိုရမ်နှင့် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းများတစ်ပြေးညီ ဖြစ်စေရေး အလုပ်ရုံဆွေးနွေးပွဲကို ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာန၊ အာဆီယံ-တရုတ်ဗဟိုဌာနနှင့် လန်ချန်း-မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့၊ ဆီဒိုးနား ဟိုတယ်၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ် ပါသည်။

ရှေ့ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်အတူ ဖိုရမ်နှင့် အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသည့် အာဆီယံ-တရုတ်ဗဟို ဌာနမှ အတွင်းရေးမှူးချုပ် မစ္စတာရှီကျုံးကျွင့် (Mr. Shi Zhongjun) ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၊ ဒဂုံခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးမြှင့်လုပ်ဆောင်နေမှုအခြေအနေများ၊ နှစ်နိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားများ အပြန်အလှန်သွားလာလည်ပတ်နေမှု အခြေအနေများ၊သတင်းတုသတင်းမှားများအားချေဖျက်ရေးနှင့် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်များစီစဉ် ဆောင်ရွက်နေမှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်နေမှုအခြေအနေများ၊ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့်နားလည်မှုစာချွန်လွှာပါ လုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်ရေး၊လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပါသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ-တရုတ်ဗဟိုဌာနမှ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ လန်ချန်း-မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ တာဝန်ခံအတွင်းရေးမှူးချုပ်၊ ဒုတိယအတွင်းရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ သံအမတ်ကြီးများ၊သံရုံးယာယီ တာဝန်ခံများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များ၊မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးမှအမှုဆောင်ဒါရိုက်တာ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ အဆင့်မြင့်အရာရှိကြီးများ၊ပြည်တွင်း ပြည်ပသတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများပါဝင်တက်ရောက်ကြပါသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ ယခု ဖိုရမ်နှင့် အလုပ်ရုံဆွေးနွေးပွဲအား မြန်မာနိုင်ငံ၌ ကြိုဆိုလက်ခံကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဖိုရမ်နှင့်အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးကြသော အာဆီယံ-တရုတ်ဗဟိုဌာနနှင့် လန်ချန်း-မဲခေါင်ဥပဒေစိုးမိုးရေး နှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာနတို့အား ကျေးဇူးတင်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေး တိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုအဖြစ် ရှိနေရုံသာမက မတူကွဲပြားသော ယဉ်ကျေးမှုများကို ချိတ်ဆက်ပေးနိုင်သည့် အရေးပါသောပေါင်းကူး တံတားတစ်ခုပင် ဖြစ်ပါကြောင်း၊ နိုင်ငံအချင်းချင်းအကြား အပြန်အလှန် လေးစားမှုနှင့်နားလည်မှု တို့ကို မြှင့်တင်ပေးနိုင်သည့်အပြင်ကမ္ဘာ့စီးပွားရေးလုပ်ငန်းများအနက်ပြောင်းလဲမှုအမြန်ဆုံးကဏ္ဍတစ်ခုအဖြစ် တည်ရှိလာပါကြောင်း၊ ၂၀၂၅ခုနှစ်အားအာဆီယံ-တရုတ်ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ် ရေးနှစ် (ASEAN-China People-to-People Exchange Year) အဖြစ် သတ်မှတ်ထားရှိပြီး နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့်ဘုံမျှော် မှန်းချက်၏ နက်ရှိုင်းသောတန်ဖိုးကို အသိအမှတ်ပြုထားရှိပါကြောင်း၊ မိမိတို့နိုင်ငံများသို့ လာရောက်လည်ပတ် ကြသော ဧည့်သည်များအနေဖြင့် အပြည့်အဝယုံကြည်မှု၊ သက်တောင့် သက်သာရှိမှုနှင့် စိတ်အေးချမ်းမြေ့စွာ သွားလာလည်ပတ်နိုင်မှုတို့ရှိရန် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယခုဖိုရမ်မှတစ်ဆင့် အတွေးအမြင်များ၊ ဗဟုသုတများနှင့်ဆန်းသစ်သော ဖြေရှင်းနည်းများကိုဖလှယ်ခြင်းဖြင့်လက်တွေ့ကျသော မဟာဗျူဟာများကိုချမှတ်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ခရီးသွားများနှင့်ခရီးသွားလုပ်ငန်းကိုအကာအကွယ်ပေးမည့် ထိရောက်သောဖြေရှင်းနည်းများကို ဖော်ဆောင်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုမှာအရေးကြီးပါကြောင်း၊အာဆီယံ-တရုတ်နိုင်ငံများအကြားအပြန်အလှန်ပံ့ပိုး ကူညီခြင်းဖြင့်ကမ္ဘာ့အနှံ့မှ ခရီးသွားများအတွက် ကောင်းမွန်သောအသိုက်အဝန်းတစ်ခုကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းပြောကြားပါသည်။

ထို့နောက် အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာရှီကျုံးကျွင့် (Mr. Shi Zhongjun)၊ လန်ချန်း-မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာဒါဘုလီ (Mr.Davuth LY)တို့ကအသီးသီးအမှာစကားများပြောကြားကြပြီးနောက် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ် ဒေါက်တာကာအိုကင်ဟွန်၏ ဗီဒီယိုမက်ဆေ့ချ်အားပြသကာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ကတက်ရောက်လာကြသူများဖြင့်အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပါသည်။

ယင်းနောက်ဖိုရမ်အားဆက်လက်ကျင်းပရာဒေသတွင်းစဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက်ခရီးသွားလုံခြုံရေးနှင့်ဘေးကင်းရေး၊ခရီးသွားလုပ်ငန်းအတွက်စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှခရီးသွားများလုံခြုံစိတ်ချစွာလည်ပတ်နိုင်စေရေး၊ဒစ်ဂျစ်တယ်ခေတ်တွင်ခရီးသွားလုပ်ငန်းလုံခြုံရေး၊

လုံခြုံပြီးခံနိုင်ရည်ရှိသော ခရီးသွားပတ်ဝန်းကျင်မှ တစ်ဆင့်ဒေသဆိုင်ရာ တိုးတက်မှု၊ လုံခြုံရေးနှင့်ဘေးကင်းသော ခရီးသွားလုပ်ငန်းခေါင်းစဉ်တို့ဖြင့် သက်ဆိုင်ရာနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များက အသီးသီးဆွေးနွေးကြပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်ခရီးသွားလာမှုလွယ်ကူ ချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာစာရင်းအင်းများ တစ်ပြေးညီ ဖြစ်စေရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက်ပြီး ခရီးသွားလုပ်ငန်းမှာလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အတွက် အရေးပါမှု၊ ခရီးသွားလုပ်ငန်းအတွက် ယဉ်ကျေးမှုနှင့်သဘာဝအတွေ့အကြုံများ၏ချိတ်ဆက်မှုနှင့်အကျိုးသက်ရောက်မှုခရီးသွားလုပ်ငန်းဆိုင်ရာစာရင်းအင်းများ၊ နည်းပညာစွမ်းရည်များ ခိုင်မာမှုနှင့် ဒေသတွင်း နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး၏အရေးပါမှုတို့ကို အဖွင့်အမှာ စကားပြောကြားပြီးနောက်အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာရှီကျုံးကျွင့်က အမှာစကားပြောကြား ပါသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲအားခရီးသွားလာမှုလွယ်ကူချောမွေ့ရေး ကဏ္ဍ၏ အရေးပါမှု၊ သတင်းအချက်အလက် ဖလှယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း စာရင်းအင်းများအသုံးချခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ ဖွံ့ဖြိုးတိုးတက်ရေး၏ အလေ့အထကောင်းများနှင့် အတွေ့အကြုံများ ဖလှယ်ခြင်းခေါင်းစဉ်တို့ဖြင့် ကျင်းပရာသက်ဆိုင်ရာ နိုင်ငံများမှ ကိုယ်စားလှယ်များက အသီးသီးဆွေးနွေးကြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်ပြောကြားခဲ့ ကြောင်း သတင်းရရှိပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များနှင့် ဟိုတယ်နှင့်ခရီးသွား သင်တန်းကျောင်းတို့အားလှည့်လည်ကြည့်ရှုစစ်ဆေး**



နေပြည်တော်၊ ဩဂုတ်လ ၂၆ ရက်

ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအဆင့်အတန်းများ မြင့်မားလာစေရေး၊ ရန်ကုန်မြို့အတွင်းရှိ ဟိုတယ်လုပ်ငန်းများစနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး၊ခရီးသွားဧည့်သည်များအဆင်ပြေချောမွေ့စွာတည်းခိုနေထိုင်နိုင် စေရေးတို့အတွက်ရည်ရွယ်၍အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက်ရန်ကုန် မြို့အတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ပထမဦးစွာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှတာဝန်ရှိသူများကဧည့်ဝန်ဆောင်မှုပေးနေမှုအခြေအနေများ၊ ဧည့်သည်လာရောက်တည်းခိုမှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြပါသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် နိုင်ငံတကာနှင့်ဝန်ကြီးဌာနမှသတ်မှတ်ထားရှိသောဟိုတယ်ဆိုင်ရာစံ သတ်မှတ်ချက်များအတိုင်း အဆင့်အတန်းမီ ဟိုတယ်များဖြစ်စေရေး၊ ဟိုတယ်များအကြားကောင်းမွန်သော စီမံခန့်ခွဲမှုပုံစံများနှင့် အလေ့အကျင့်ကောင်းများကို မျှဝေပေးကြရေး၊ မြန်မာမှုပစ္စည်းများနှင့် မြန်မာ့အစားအစာများကို တန်ဖိုးမြင့်ပုံစံများဖြင့် တီထွင်ဆန်းသစ်အသုံးပြုနိုင်ရန် ကြိုးစားကြရေး၊ မိမိတို့ဟိုတယ်များသို့ ပြည်တွင်း/ပြည်ပခရီးသွားများ လာရောက်တည်းခိုမှုရာခိုင်နှုန်းမြင့်မားနေစေရန် ဆွဲဆောင်ကြိုးစား ကြရေး၊ ဧည့်ခန်းများ၊ ခန်းမများ၊ အားကစားခန်းမများ၊ ရေကူးကန်များကို သန့်ရှင်း သပ်ရပ်မှုရှိအောင် အစဉ်တစိုက်ဆောင်ရွက်ကြရေး၊ ဝန်ကြီးဌာနမှခရီးသွားကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ကျရာအခန်း ကဏ္ဍမှပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး တာဝန်ရှိသူများကို မှာကြားခဲ့ ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကန်တော်ကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်းသို့သွားရောက်ပြီး ဆရာ/ ဆရာမများနှင့်တွေ့ဆုံနှုတ်ဆက်ကာ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများ၊ ဧည့်ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများ ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှလိုအပ်လျက်ရှိသောလူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရေး၊ သတ်မှတ်ပြဋ္ဌာန်းထားသောသင်ရိုးညွှန်းတမ်းများနှင့်အညီသင်ကြားကြရေး၊သင်တန်းမှပြီးဆုံးသည်နှင့်လုပ်ငန်းခွင်သို့ဝင်ရောက်နိုင်အောင်ကြိုးစားစီစဉ်ပေးရေး၊ သင်တန်းသားများအနေဖြင့် အရည်အချင်းရှိပြီး လုပ်ငန်းကျွမ်းကျင်မှုရှိအောင် ကြိုးစားသင်ယူကြရေးအားပေးမှာကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် Chatrium ဟိုတယ်၌မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများအား တွေ့ဆုံ ပြီး ပထမဦးစွာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများကမြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၂၆-၂၀၃၀) ရေးဆွဲနိုင်ရေး၊ မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးဆိုင်ရာအစီအစဉ်များရေးဆွဲရေး၊ နိုင်ငံတကာ၌ ခရီးသွားမြှင့်တင်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေသည့် လေ့လာချက်များနှင့် ကိုးကားအကောင်အထည်ဖော်ရေး၊ ခရီးသွားမြှင့်တင်ရေးအဖွဲ့တွင် ပါဝင်သည့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များအား အကောင်အထည်ဖော်နိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီး တင်ပြကြပြီး ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများကဖြည့်စွက်ရှင်းလင်း တင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းပင်မ စီမံကိန်း(၂၀၂၆-၂၀၃၀)ကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက်အစိုးရပုဂ္ဂလိကကိုယ်စားလှယ်များပေ ါ လုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်ပြီး မူဝါဒခံယူဆောင်ရွက် ကြရေး၊ စီမံကိန်းများရေးဆွဲရာတွင် အချိန်၊ တန်ဖိုး၊ လုပ်နည်းနှင့် ကုန်ကျမှု တို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်ကြရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရ-ပုဂ္ဂလိက အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးတိုက်တွန်းပြောကြားခဲ့ပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းကဏ္ဍတွင် အရေးပေါ် အခြေအနေ တုံ့ပြန်ခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြား**



နေပြည်တော်၊ ဇွန်လ (၁၁) ရက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အရေးပေါ် အခြေအနေ တုံ့ပြန် ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပပြု လုပ်ရာဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

အဆိုပါအခမ်းအနားသို့ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့် အရာရှိကြီးများ၊ အရာထမ်း/ အမှုထမ်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊နေပြည်တော်ဟိုတယ်ဇုန်မှတာဝန်ရှိသူများ၊သင်တန်းနည်းပြများ ၊ သင်တန်းသား/သင်တန်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ သဘာဝဘေး အန္တရာယ်ကျရောက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအား အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင် ဆင်လေ့ကျင့်ဆောင်ရွက်နိုင်ရေးအတွက် ယနေ့သင်တန်းအား ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့်ဌာနဆိုင်ရာ များ၊ အသင်းအဖွဲ့များဖြင့် ပူးပေါင်း၍ အရေးပေါ်အခြေအနေ တုံ့ပြန်ခြင်း သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ယနေ့သင်တန်းတွင်ဘေးအန္တရာယ်ဆိုင်ရာအသိပညာမျှဝေ ခြင်းများ၊ ကျွမ်းကျင်သူများမှ အတွေ့အကြုံများကို မျှဝေပေးခြင်းများ၊ လက်တွေ့သင်ကြားပေးခြင်းများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေးနည်းလမ်းများ နှင့် ဆက်သွယ်ဆောင်ရွက်ရေးနည်းလမ်းများကို သင်ကြားပေးသွားမည် ဖြစ်ပါကြောင်း၊ ဟိုတယ်များမှဝန်ထမ်းများ အနေဖြင့်လည်း ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများအပြင်ယခုကဲ့သို့သင်တန်းများကိုလည်းတက်ရောက် ထားကြရန်လိုအပ်ပါကြောင်း၊ ယခုသင်တန်းများ စီစဉ်ဖွင့်လှစ်နိုင်ခြင်းမှာ ဟိုတယ် နှင့်ခရီးသွားကဏ္ဍအပြင် ဒေသအတွက်ပါ အကျိုးရှိသော သင်တန်း များဖြစ်ပါကြောင်း၊ဟိုတယ်များမှဝန်ထမ်းများအနေဖြင့်လည်းဘေးအန္တရာယ် ဆိုင်ရာ အသိပညာများရရှိလာနိုင်ပြီး လာရောက် ကြသည့် ဧည့်သည်များ အတွက်ပါ ကောင်းမွန်သောဝန်ဆောင်မှုများကို ပေးစွမ်းနိုင်မှာဖြစ်ပါ ကြောင်း၊ ယခုသင်တန်းအား ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသူများအား လုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ သင်တန်းသားများ အနေဖြင့် လည်း သင်တန်းမှစာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမှုများကို မိမိ၏ ပတ်ဝန်း ကျင်သို့ပြန်လည်မျှဝေပေးနိုင်ရေးအတွက် ကြိုးစားသင်ယူကြရန် တိုက်တွန်း ပြောကြားပါသည်။

ဆက်လက်၍ နေပြည်တော်၊တိုင်းမီးသတ်ဦးစီးဌာနမှူး၊ညွှန်ကြားရေးမှူး ကသဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက် ပျက်စီး ဆုံးရှုံးခဲ့မှုများအပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ အရေး ပေါ်တုံ့ပြန်မှုများနှင့်ဇာတ်တိုက်လေ့ကျင့်မှုများ၏အရေး ပါမှုအခြေအနေများ၊ သင်တန်းတွင်သင်ကြားပို့ချသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြား ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းနည်းပြများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ချီးမြှင့်ပြီးသင်တန်းတွင်လက်တွေ့သင်ကြား ပို့ချပေးနေမှုအခြေအနေများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါ သည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း**

| စဉ် | လိုင်စင်အမျိုးအစား | (၃၁-၈-၂၀၂၅) ရက်နေ့ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၇၇၆ (လုံး) |
| | | ၈၈၃၃၁ (ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၉၄ (လုံး) |
| | | ၁၃၉၉၆(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၄၇၀ (လုံး) |
| | | ၁၀၂၃၀၆ (ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၂၉၁၆ (ခု) |
| | (ခ ) ပြည်ပ | ၁၀၃၀ (ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၅၈၁၆ (ခု) |
| | (က)ဧည့်လမ်းညွှန် | ၃၇၆၀ (ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၀၅၆ (ခု) |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်း များအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၄ ဩဂုတ်လ | ၂၀၂၅ ဩဂုတ်လ | တိုး တက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၁၈၄၆၇၉ | ၂၀၆၃၂၄ | ၂၁၆၄၅ | (+) ၁၂% |
| ၂။ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၄၀၈ | ၂၆၉ | - ၁၃၉ | (-) ၃၄% |
| ၃။ | အတွင်းပိုင်းထိဝင်ရောက်သူများ | ၅၇၉ | ၆၂၇ | ၄၈ | (+) ၈% |
| | **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | **၁၈၅၆၆၆** | **၂၀၇၂၂၀** | **၂၁၅၅၄** | **(+) ၁၂%** |
| | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၅၇၉၀၂၂ | ၄၄၆၇၃၂ | - ၁၃၂၂၉၀ | (-) ၂၃% |
| | **စုစုပေါင်း** | ၇၆၄၆၈၈ | ၆၅၃၉၅၂ | - ၁၁၀၇၃၆ | (-) ၁၄% |

ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍကို ထိခိုက်စေခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာနကရေးဆွဲထားသည့်မြန်မာနိုင်ငံခရီးသွားကဏ္ဍ ပြန်လည်ထူထောင် ရေး မဟာဗျူဟာလမ်းပြမြေပုံ (Myanmar Tourism Strategic Recovery Roadmap-MTSRR)၏ လတ်တလော ဦးစားပေးဆောင်ရွက်ရမည့် အခန်း ကဏ္ဍတွင်ပါဝင်သော “ မြန်မာနိုင်ငံကို ဘေးကင်းလုံခြုံသော ခရီးစဉ်ဒေသ တစ်ခု အဖြစ်စိတ်ချယုံကြည်မှုများဖြစ်ပေါ်လာစေရန်နှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်” သည်

လတ်တလောဦးစား ပေးမဟာဗျူဟာတစ်ရပ်အဖြစ်ပါရှိသောကြောင့် ခရီးသွား လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား Safe Service အသိအမှတ် ပြုတံဆိပ်များ စနစ်တကျ သတ်မှတ်ပေးအပ်နိုင်ရန်နှင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံသည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ဆောင်ရွက်ခြင်းမှ တစ်ဆင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးရန်အတွက် “Enchanting Myanmar Health and Safety Protocol” အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအဆင့် (Regional Level) အသိအမှတ်ပြု လက်မှတ်ထုတ်ပေးပြီးစီးသည့် လုပ်ငန်းများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရှိရင်းအလုံးအရေအတွက် | အသိအမှတ်ပြု လက်မှတ် ရရှိသည့်အရေအတွက် |
|---|---|---|---|
| ၁ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | ၁၀၂ | ၁၀၂ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၉၈ | ၂၆၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၆၀၃ | ၄၄၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၀၄ | ၉၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၅ | ၅၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၂ | ၅၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅ | ၁၀၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅၉ | ၅၉ |
| ၉ | ကချင်ပြည်နယ် | ၉၁ | ၄၆ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၃၃ |
| ၁၁ | ကရင်ပြည်နယ် | ၆၂ | ၆၀ |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁၀ |
| ၁၃ | မွန်ပြည်နယ် | ၉၂ | ၈၃ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၃ | ၉၁ |
| ၁၅ | ရှမ်းပြည်နယ် | ၄၅၂ | ၃၈၈ |
| **စုစုပေါင်း** | | ၂၄၆၄ | ၁၈၈၄ |

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင် အထည်ဖော် ဆောင်ရွက်နေမှုများ

**ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုး တိုးတက် လာစေရေး၊ ပြည်တွင်းပြည်ပ ဧည့်သည်များအား ဟိုတယ်များမှ ကောင်းမွန်သော ဝန်ဆောင်မှုများပေးအပ်နိုင်ရေးတို့အတွက် ရည်ရွယ်၍ ငွေဆောင်တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၄)မျိုးကို ၉-၆-၂၀၂၅ ရက်နေ့မှ ၄-၇-၂၀၂၅ ရက်နေ့အထိ သင်တန်း(၁)ကြိမ်၊ သင်တန်းသား (၁၂၃)ဦး၊ ရန်ကုန် မြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း(၄)မျိုး ကို ၂-၆-၂၀၂၅ ရက်နေ့မှ၂၇-၆-၂၀၂၅ ရက်နေ့အထိသင်တန်း(၁)ကြိမ်၊သင်တန်းသား (၁၂၁) ဦး၊ ပုဂံမြို့တွင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်း (၃)မျိုးကို ၂၃-၆-၂၀၂၅ ရက်နေ့မှ ၁၅-၇-၂၀၂၅ ရက်နေ့အထိ သင်တန်း(၁)ကြိမ်၊ သင်တန်းသား (၁၀၄) ဦး၊ တောင်ကြီးမြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း (၃) မျိုး ကို ၂၃-၆-၂၀၂၅ ရက်နေ့မှ ၁၈-၇-၂၀၂၅ ရက်နေ့ အထိ သင်တန်း(၁)ကြိမ်၊သင်တန်းသား(၉၀)ဦး၊မော်လမြိုင်မြို့တွင်ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်း (၁) မျိုးကို ၁၆-၆-၂၀၂၅ ရက်နေ့မှ ၂၉-၆-၂၀၂၅ ရက်နေ့ အထိ သင်တန်း(၁)ကြိမ်၊ သင်တန်းသား (၅၅) ဦး၊ ရန်ကုန်မြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း(၄)မျိုးကို ၇-၇-၂၀၂၅ ရက်နေ့မှ ၁-၈-၂၀၂၅ ရက်နေ့ အထိ သင်တန်း(၁)ကြိမ်၊ သင်တန်းသား (၁၃၈) ဦး၊ ပဲခူးမြို့တွင် ဟိုတယ် ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း(၃)မျိုးကို ၂၃-၇-၂၀၂၅ ရက်နေ့မှ ၅-၈-၂၀၂၅ ရက် နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၈၅) ဦး၊ မိုင်းဖြတ်မြို့တွင် ဟိုတယ် ဆိုင်ရာ ဝန်ဆောင်မှု သင်တန်း(၂)မျိုးကို ၁၄-၇-၂၀၂၅ ရက်နေ့မှ ၂၅-၇-၂၀၂၅ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၄၈) ဦး၊ ချောင်းသာတွင် ဟိုတယ် ဆိုင်ရာဝန်ဆောင်မှု သင်တန်း(၄)မျိုးကို ၇-၇-၂၀၂၅ ရက်နေ့မှ ၁-၈-၂၀၂၅ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၁၄၁) ဦးဖြင့် လည်းကောင်း၊ စုစုပေါင်း သင်တန်း (၉) ကြိမ်ကို သင်တန်း သား ( ၉၀၅ ) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့်ဖွင့်လှစ်သည့်သင်တန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုအထူးရန်ပုံငွေများဖြင့် စီမံကိန်းများကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု အထူး ရန်ပုံငွေ (၂၀၂၃) ဖြင့် “Center for Tourism Development – Keng Tung” စီမံကိန်းကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ လမှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ အထိ ဆောင်ရွက် လျက်ရှိပါသည်။ စီမံကိန်း အကောင်အထည်ဖော်မှုအဖြစ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) ကျိုင်းတုံတွင် ဟိုတယ် ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း (၃) မျိုးကို အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ် ပို့ချခဲ့ပါသည် -

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | လူဦးရေ | သင်တန်း တည်နေရာ |
|---|---|---|---|---|
| ၁။ | ဟိုတယ်ဆိုင်ရာဝန် ဆောင်မှုသင်တန်း (၃) မျိုး | ၂၈-၅-၂၀၂၅ မှ ၁၀-၆-၂၀၂၅ ထိ | ၆၂ | CTD (ကျိုင်းတုံ) |

**နိုင်ငံအဆင့် အာဆီယံ သင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer) နှင့် အာဆီယံ အဆင့် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်မှုူ သင်တန်း (ASEAN National Assessor)**

၂၀၂၅ခုနှစ်၊မေလမှဇူလိုင်လအထိ နိုင်ငံအဆင့်အာဆီယံသင်ကြားရေး ဆရာဖြစ် သင်တန်း (ASEAN National Trainer) သင်တန်း(၃)ကြိမ်၊ သင်တန်းသား(၇၉)ဦးဖြင့် လည်းကောင်း၊ စုစုပေါင်း သင်တန်း (၃) ကြိမ် သင်တန်းသား (၃၆) ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**၂၀၂၅ ခုနှစ်၊မေလမှဇူလိုင်လအထိခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက် လျက်ရှိသော အစီအစဉ်များ**

ထိုင်းခရီးသွားပြပွဲ-၂၀၂၅ (Thailand Travel Mart Plus 2025) သို့ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းပါဝင်ပြသခြင်းထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၊ Royal Park Rajapruek ၌ ၄-၆-၂၀၂၅ ရက်နေ့မှ ၆-၆-၂၀၂၅ ရက် နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ထိုင်းခရီးသွားပြပွဲ-၂၀၂၅ (Thailand Travel Mart Plus 2025) သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကိုယ်စား မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး၊ ချင်းမိုင်မြို့မှ ကောင်စစ်ဝန်(၁)ဦးနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းမှ ကိုယ်စားလှယ် (၃)ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

**5th Let’s Travel! International Toursim Forum သို့ ပြည်ထောင်စု ဝန်ကြီး ပါဝင်တက်ရောက်ခြင်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ the All-Russian Exhibition Centre (VDNKh) ၌ ၁၀-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် 5th Let's Travel! International Toursim Forum သို့ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်တစ်ဦးပါဝင်တက် ရောက်ခဲ့ပါသည်။

**အစားအစာနှင့်ခရီးသွားပြပွဲသို့မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်တက်ရောက်ခြင်း**


ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်မြို့၌ ၁၁-၇-၂၀၂၅ ရက်နေ့မှ ၁၃-၇-၂၀၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အစားအစာနှင့်ခရီးသွားပြပွဲသို့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အသင်းများမှ မြန်မာနိုင်ငံ ကိုယ်စားပြုခရီးသွားမြှင့်တင်ရေးပြခန်း ပါဝင်ပြသခဲ့ပါသည်။

**ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုမခံရစေရေး အသိပညာပေး အခမ်းအနား ကျင်းပပြုလုပ်ခြင်း**

ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုမခံရစေရေး အသိပညာပေး အခမ်းအနားကို ၂၆-၇-၂၀၂၅ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ Hotel Grand Jade ၌ကျင်းပပြုလုပ်ခဲ့ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ဟိုတယ်လုပ်ငန်းရှင်များနှင့်ဝန်ထမ်းများ၊ တည်းခိုရိပ်သာများနှင့်စားသောက်ဆိုင်များမှဝန်ထမ်းများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြိတ်ရုံးခွဲတာဝန်ခံနှင့်ဝန်ထမ်းများပါဝင်တက်ရောက်ခဲ့ကြသည်။

**လန်ချန်း-မဲခေါင်တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန(LMLECC)မှ ပေးပို့လာသည့် အသိပညာပေးဗီဒီယိုနှစ်ခုအား ဖြန့်ဝေဆောင်ရွက်ခြင်း**

လန်ချန်းမဲခေါင်တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (LMLECC)မှပေးပို့လာသည့် အသိပညာပေးဗီဒီယိုနှစ်ခုအား ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး ပြည်နယ်ရုံးခွဲများတွင်ဖြန့်ဝေဆောင်ရွက်ရန် အကြောင်းကြားထားရှိခဲ့ရာ တိုင်းဒေသကြီး ပြည်နယ်ရုံးခွဲများရှိ Social Media Website များတွင် လွှင့်တင်ခြင်း၊ အသိပညာပေးပြသခြင်းများ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။




## တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

### ကရင်ပြည်နယ်




ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် (၅/၂၀၂၅) ကရင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကို (၂၃-၅-၂၀၂၅)ရက်နေ့၊ မွန်းလွဲ(၁၄:၀၀)နာရီတွင် ကရင်ပြည်နယ်အစိုးရ အဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)၌ ကျင်းပပြုလုပ်ခဲ့ပြီးအစည်းအဝေးတွင် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်သီရိပျံချီဦးစောမြင့်ဦးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အစည်းအဝေးတက်ရောက်ခဲ့ရာ ဒေသဖွံ့ဖြိုးတိုးတက်ရန် အတွက် ပြည်နယ်/တိုင်းဒေသကြီးများ၏ မြို့တော်များကို Green City, Clean City & Smart City ဖြစ်စေရေး၊ ခရီးသွားဧည့်သည်များလာရောက်လည်ပတ်ရာတွင် စိတ်ချမ်းသာမှုရရှိစေရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ASEAN Sustainable City Award ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက်ဘားအံမြို့အားစာရင်းပေးသွင်းထားပြီးဖြစ်ကြောင်း၊ဆုရွေးချယ်ရေးအဖွဲ့များလာရောက် စစ်ဆေးမည်ဖြစ် ကြောင်း၊ Sustainable City Award ဆုအားရရှိလိုသည့် အတွက် Green City, Clean City & Smart City ဖြစ်ရန် လိုအပ်ကြောင်း၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့(DMO) များ ဖွဲ့စည်းရန်ကျန်ရှိနေသည်များလည်းရှိကြောင်း၊ ဩစတြေးလျသို့ သွားရောက်ခဲ့ပြီး လိုအပ်သည်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ မိုးတွင်းကာလရောက်လာပြီဖြစ်၍ ခရီးစဉ်များတွင် ခြုံနွယ်မြက်များ ရှင်းလင်းထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ခရီးစဉ်များတွင် ရွှံ့နွံဗွက်များ မဖြစ်စေရေး ရှင်းလင်းထိန်းသိမ်း သွားရန်လိုအပ်ကြောင်း၊ ခရီးသွားဧည့်သည်များအားဝန်ဆောင်မှုကောင်းများပေးနိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုအပ် ကြောင်း၊ သင်တန်းဆင်း ကလေးများအား လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး၊အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး ချိတ်ဆက် ဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်း၊ကျန်းမာရေးနှင့်ပတ်သတ်၍ လက်ရှိချိန်တွင် အိမ်နီးချင်းနိုင်ငံများ၌ ကိုဗစ်-၁၉ကပ် ရောဂါကူးစက်ပျံ့ပွားမှုနှုန်း များပြီး လူသေဆုံးမှုများပါ ဖြစ်ပွားလျက်ရှိနေကြောင်း၊ ဟိုတယ်များတွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သတ်၍ လိုက်နာဆောင်ရွက်ရန် စည်းကမ်း ချက်များအား ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့်ပြည်နယ်၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တို့ကို တိုက်တွန်းပြောကြားခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

**စစ်ကိုင်းတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး**



စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ဇန်နဝါရီလ ၁၀ ရက်၊ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ အစည်းအဝေးသို့ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစီးပွားရေးဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီးခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဟိုတယ်/ တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## မကွေးတိုင်းဒေသကြီး

**အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းနှင့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ခရီးသွားလုပ်ငန်း (Barrier Free Tourism)သင်တန်းဖွင့်ပွဲကျင်းပ**

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ မကွေးမြို့၊ နန်းထိုက်သူဟိုတယ်၌ **“အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းနှင့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ခရီးသွားလုပ်ငန်း (Barrier Free Tourism) သင်တန်း”** ကို လူမှုဝန်ထမ်းဦးစီးဌာန ၊ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ၊ မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီအသင်းတို့မှ သင်တန်းဆရာများဖြင့် ၁၆-၆-၂၀၂၅ ရက်နေ့မှ ၂၁-၆-၂၀၂၅ ရက်နေ့ထိဟိုတယ်၊မိုတယ်များမှ သင်တန်းသား/သူစုစုပေါင်း (၆၆)ဦးအားသင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ သင်တန်းဖွင့်ပွဲအဖွင့်အမှာစကားပြောကြား၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ သင်တန်းဖွင့်ပွဲအခမ်းအနားသို့မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဆက်စပ်ဌာနများ၊ သင်တန်းပို့ချမည့်ဘာသာရပ် ဆိုင်ရာသင်တန်းနည်းပြ ဆရာ/ ဆရာမများ ၊ ဟိုတယ်၊တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များ ၊ မန်နေဂျာများနှင့်သင်တန်းသား/သူ စုစုပေါင်း (၁၀၂) ဦး တက်ရောက်ခဲ့ပါသည်။



ဆက်လက်၍ ကော်မတီဝင်ဒုတိယဥက္ကဋ္ဌ စီးပွားရေးဝန်ကြီးမှ ခရီး စဉ်လမ်းကြောင်းများရေးဆွဲခဲ့ပြီးဖြစ်၍ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့်ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၊ ဟိုတယ်လုပ်ငန်းအသင်းအဖွဲ့များ၊ ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ အတွင်းရေးမှူး (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးမှမကွေးတိုင်းဒေသကြီး အတွင်းသို့ပြည်တွင်း/ပြည်ပ ခရီးသည်ဝင်ရောက်မှု၊ ယခင်ဒေသဆိုင်ရာခရီးလုပ်ငန်းကော်မတီအစည်း အဝေး (၁/ ၂၀၂၅)မှဆုံးဖြတ်ချက်များ အပေါ်ဆောင်ရွက်ပြီးစီးမှု၊ ခရီးသွား လုပ်ငန်းကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင် ရွက်မည့်အစီအစဉ်များနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား (Power Point)ဖြင့် ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး

**ရုရှားနိုင်ငံနှင့်ခရီးသွားမြှင့်တင်ရေးဆောင်ရွက်ခြင်း**




ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်မြို့တွင်၁၁-၇-၂၀၂၅ ရက်နေ့မှ ၁၃-၇-၂၀၂၅ ရက်နေ့အထိကျင်းပပြုလုပ်သည့် အစားအစာနှင့်ခရီးသွားပြပွဲသို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးနှင့် ပဲခူးမြို့အခြေစိုက် San Toe Kyaw (STK) Travel & Tour Co;Ltd တို့ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ပြပွဲအတွင်းပဲခူးတိုင်းဒေသကြီး၏ ထင်ရှားသောပွဲတော်များနှင့် ခရီးစဉ်ဒေသ အချက်အလက်များ၊ Eng- Thai Guide Map များ၊ ရုရှားဘာသာဖြင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ခရီးသွားမြှင့်တင်ရေး Video ပြသခဲ့ရာရုရှားနိုင်ငံသားများအား စိတ်ဝင်စားခဲ့ပြီး ပြပွဲသို့လာရောက်လည်ပတ်သူ (၃)သိန်းကျော် လာရောက်လေ့လာကြပြီး ရုရှားခရီးသွားဈေးကွက်မြှင့်တင် နိုင်ရန်အတွက် အထောက်အကူဖြစ်စေသည့် အစီအစဉ်တစ်ရပ်အဖြစ် ပါဝင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၃)မျိုးဖွင့်လှစ်ခြင်း**

ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လမ်းညွှန်မှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးရုံး၏ကြီးကြပ်မှု၊ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပဲခူးဇုန်) ၏ကူညီပံ့ပိုးမှုဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိဟိုတယ်/တည်းခိုရိပ်သာများ၊ စည်ပင်လိုင်စင်ရတည်းခိုခန်းနှင့် စားသောက်ဆိုင်များတွင် တာဝန်ထမ်းဆောင်လျှက်ရှိသော ဝန်ထမ်းများ၏ ဝန်ဆောင်မှု အရည်အသွေးများ ပိုမိုမြင့်မားလာစေရေးနှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာစေရန်အတွက် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၃)မျိုးကို (၂၃-၇-၂၀၂၅) ရက်နေ့တွင် ပဲခူးမြို့ရှိ သီရိဟံသာခန်းမ၌ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ သင်တန်းများအား(၂၃-၇-၂၀၂၅)ရက်နေ့မှ(၁-၈-၂၀၂၅) ရက်နေ့ထိ ဖွင့်လှစ်ကာ ဧည့်ကြိုသင်တန်းအား သင်တန်းသား (၁၉) ဦးဖြင့် လည်းကောင်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်းအား သင်တန်းသား (၂၄) ဦးဖြင့် လည်းကောင်း၊အစားအစာနှင့်အဖျော်ယမကာသင်တန်းအား သင်တန်းသား

(၃၀)ဦးဖြင့် လည်းကောင်း၊ သင်တန်းသားဦးရေစုစုပေါင်း (၇၃)ဦး တက်ရောက်အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၃/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၃-၆-၂၀၂၅) ရက်နေ့၊ မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်း အဝေးခန်းမ၌ကျင်းပပြုလုပ်ရာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုမှ တက်ရောက်အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးမှ ယခင်ပြုလုပ်ခဲ့သည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ၏ လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာခရိုင်အဆင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များနှင့်ပူး ပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်နေရာများ ရေရှည်တည်တံ့ရေးအတွက် ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များအားလုံးကနေပြီး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်များ ကိုမှာကြားပါသည်။

ဆက်လက်ပြီးကော်မတီအတွင်းရေးမှူးဖြစ်သူ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးတာဝန်ခံညွှန်ကြားရေးမှူး ဦးရဲအောင်မိုးမှ ယခင်ပြုလုပ်ခဲ့သည့်ကော်မတီအစည်းအဝေး(၂/၂၀၂၅)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ကော်မတီမှဆုံးဖြတ်ပေးရမည့် ဝန်ဆောင်မှုကဏ္ဍအလိုက်လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာအမှာစာများကို ရှင်းလင်းတင်ပြပါ သည်။

ထို့နောက် ကော်မတီအစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်အဖွဲ့ဝင်များမှ တနင်္သာရီတိုင်းဒေသ ကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍစနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့်အခြေအနေများအား ရှင်းလင်း တင်ပြခြင်းနှင့် ကော်မတီမှဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်သည့်ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီးဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြ ခဲ့ကြပါသည်။

အစည်းအဝေးတွင်ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်(၂)ခုကို စိစစ်ခွင့်ပြုပေးခဲ့ပြီးဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်များ၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်များ၊ ဒေသဆိုင်ရာဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များ၏ ပုံမှန် သက်တမ်းတိုးခြင်းဆိုင်ရာကိစ္စရပ်များအပေါ် အတည်ပြုပေးနိုင်ခဲ့ပါသည်။

၎င်းနောက်ကော်မတီဥက္ကဋ္ဌ၊တိုင်းဒေသကြီးဝန်ကြီးချုပ်မှ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ကော်မတီအဖွဲ့ဝင်(၁၂)ဦးပါဝင်တက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့တွင် "ရုရှားဘာသာစကားပြော (အခြေခံ)သင်တန်း"ဖွင့်ပွဲ အခမ်းအနားကျင်းပပြုလုပ်**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး (ထားဝယ်မြို့)၏ စီစဉ်ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သော **"ရုရှားဘာသာ စကားပြော(အခြေခံ) သင်တန်း"** ဖွင့်ပွဲအခမ်းအနားကို ကော့သောင်းမြို့ရှိ Victoria Cliff Hotel (မင်္ဂလာခန်းမ)တွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာ ဝန်ကြီး၊ ဦးမောင်ကြီး၊ အခြေချစစ်ဗျူဟာအဖွဲ့ (ကော့သောင်း)မှ စစ်ဗျူဟာမှူး၊ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးဦးမောင်ကြီးကအဖွင့်အမှာစကားပြောကြားရာယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းမှာ ခရီးစဉ်ဒေသအတွင်း၌ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက်စဉ်ဆက်မပြတ် မွေးထုတ်ပေးလိုခြင်းအတွက် ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း အသိပညာ၊ အတတ် ပညာဝမ်းစာများ ပြည့်နေစေရန်အတွက် အမြဲတစေကြိုးပမ်း အားထုတ်နေရမည်ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင် မြန်မာနိုင်ငံနှင့် ရုရှား နိုင်ငံတို့၏ ဆက်ဆံရေးတိုးတက်လာမှုကြောင့် ဒေသတွင်းသို့ ရုရှားခရီးသွား ဧည့်သည်များပိုမိုလာ ရောက်ကြမည်ဟု မျှော်မှန်းနိုင်သည့်အတွက် ကြိုတင် ပြင်ဆင်မှုအနေဖြင့်တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်ယခုကဲ့သို့ သင်တန်းမျိုးကိုဖွင့်လှစ်နိုင်အောင်ဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း ကြိုးစားလေ့လာသင်ယူကြပြီး မိမိတို့နိုင်ငံ၏မှန်ကန်ပြည့်စုံသည့် သတင်းအချက်အလက်များ၊ သဘာဝအရင်းအမြစ်များနှင့် ယဉ်ကျေးမှုသမိုင်းကြောင်းဆိုင်ရာများကို ရှင်းလင်းပြောပြနိုင်သော ကောင်းမွန်သောဝန်ဆောင်မှုမျိုးပေးပြီး ဒေသတွင်းခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက် တတ်နိုင်သည့်ဘက်မှကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး (ထားဝယ်မြို့)မှ ဒုတိယညွှန်ကြားရေးမှူးဦးလွှမ်းမိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြပြီး စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပါသည်။

၎င်းနောက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးမှ သင်တန်းနည်းပြ ဆရာမနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးစကားပြောကြားမှုနှင့်အတူ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

အဆိုပါ ကော့သောင်းမြို့တွင်ဖွင့်လှစ်မည့် ရုရှားဘာသာစကားပြော (အခြေခံ) သင်တန်းကိုဇူလိုင်လ (၁၁)ရက်နေ့မှ ဩဂုတ်လ(၂၂) ရက်နေ့ အထိ ရက်သတ္တပတ်(၅)ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွား မည်ဖြစ်ပြီး သင်တန်းသို့ ဌာနဆိုင်ရာများမှဝန်ထမ်းများနှင့်ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းကဏ္ဍမှဝန်ထမ်းများ စုစုပေါင်း(၅၄)ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့်လူကုန်ကူးမှုမခံရစေရေးအသိပညာပေး အခမ်းအနား ကျင်းပပြုလုပ်ခြင်း**



ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုမခံရစေရေး အသိ ပညာပေးအခမ်းအနားကို ၂၈-၇-၂၀၂၅ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ Hotel Grand Jade ၌ကျင်းပပြုလုပ်ခဲ့ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ဟိုတယ်လုပ်ငန်းရှင်များနှင့်ဝန်ထမ်း များ၊ တည်းခိုရိပ်သာများနှင့်စားသောက်ဆိုင်များမှဝန်ထမ်းများ၊ ဟိုတယ်နှင့်

ခရီးသွားညွှန်ကြားမှုဦးစီးဌာန မြိတ်ရုံးခွဲတာဝန်ခံနှင့်ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။

## ရောဝတီတိုင်းဒေသကြီး

**ရောဝတီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပပြုလုပ်မှု**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို (၄-၇-၂၀၂၅) ရက်နေ့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ(၁)တွင်ကျင်းပပြုလုပ်ခဲ့ရာဧရာဝတီတိုင်းဒေသကြီး၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဦးတင်မောင်ဝင်းတက်ရောက်၍ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြလာသည့်ကိစ္စများနှင့်ပတ်သက်၍ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။အစည်းအဝေးတွင် ကော်မတီအတွင်းရေးမှူးမှ လုပ်ငန်းရှင်များမှတင်ပြလာသည့် ဟိုတယ်အဆောက်အဦတည်ဆောက်ခွင့် လျှောက်ထားခြင်း၊ ဟိုတယ်လိုင်စင် (အသစ်) လျှောက်ထားခြင်း၊ ဟိုတယ်၊ တည်းခိုရိပ်သာ၊ ခရီးလှည့်လည်ရေးလိုင်စင်၊ ဧည့်လမ်းညွှန်လိုင်စင်တို့အား သက်တမ်းတိုးဆောင်ရွက်ခြင်းနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဝင်အချို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခြင်း၊ ကျန်းမာရေးအရတာဝန်မှအနားယူခြင်းနှင့်ကွယ်လွန်သဖြင့်တာဝန်မှရပ်စဲခြင်းတို့အတွက်အဖွဲ့ဝင်များအစားထိုးတင်ပြနိုင်ရေးကိစ္စရပ်များအားတင်ပြခဲ့ပါသည်။



**ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများဖွင့်လှစ်မှု**

ငွေဆောင်၊ ချောင်းသာဟိုတယ်ဇုန်များ၏ ဟိုတယ်နှင့်ခရီးသွား ကဏ္ဍအတွင်းရှိဝန်ထမ်းများ၏စွမ်းဆောင်ရည်မြင့်မားရေး၊လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဟိုတယ်များမှ ပြီးပြည့်စုံသောဝန်ဆောင်မှုများပေးနိုင်ရေးအတွက်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း များဖြစ်သည့် Food & Beverage (Service)၊ Food & Beverage (Production)၊ Front Office နှင့် House Keeping သင်တန်းများကို သင်တန်းသား၊ သင်တန်းသူ (၁၂၃) ဦးဖြင့် ငွေဆောင်မြို့တွင် (၉-၆-၂၀၂၅) ရက်နေ့မှ (၄-၇-၂၀၂၅) ရက်နေ့ထိလည်းကောင်း၊ သင်တန်းသား (၁၄၁) ဦးဖြင့် ချောင်းသာမြို့တွင် (၇-၇-၂၀၂၅) ရက်နေ့မှ (၁-၈-၂၀၂၅) ရက်နေ့ထိလည်းကောင်း သင်တန်းများဖွင့်လှစ် ခဲ့ပါသည်။ အဆိုပါသင်တန်းဖွင့်ပွဲများသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဦးတင်မောင်ဝင်းတက်ရောက်၍အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သင်တန်းတွင် သင်ကြားပို့ချမည့် သင်ရိုးညွှန်းတမ်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တက်ရောက်လာသည့် ဧည့်သည်များ၊ သင်တန်းသား/ သင်တန်းသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ပါသည်။

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို၄-၈-၂၀၂၅ ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ၊ ယမုံနာဦး ဟိုတယ်၌ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ တွင် အမှတ်(၇)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပုသိမ်)၊ ဟိုတယ်နှင့်ခရီး သွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆောင်သော တာဝန်ရှိသူများ၊ ငွေဆောင်ဟိုတယ်ဇုန်ရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်များမှမန်နေဂျာများနှင့်ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ပါသည်။